ခန္တီ စ တော မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ၏ ပညာရည်မြင့်မားရေးလမ်းညွှန်ချက်

* မိမိတို့ နိုင်ငံသားများ၏ ပညာရည်စွမ်းအား (Intellectual Power) မြှင့်တင်ပေးရမည်။ ယင်းသို့မြှင့်တင်ပေးနိုင်ရန်အတွက် ပညာရေးကို စနစ်တကျကောင်းအောင်လုပ်ကြရမည်။
* နိုင်ငံသားများ၏ Intellectual Power မြင့်မားပြီး အမှားအမှန်ကို ဦးနှောက်နှင့် ခွဲခြားစဉ်းစားတတ်မှသာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြောင်းလဲတိုးတက်နေသောကမ္ဘာတွင် နိုင်ငံတိုင်း အနာဂတ်၏စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရေး နိုင်ငံအလိုက်ပညာရေးစနစ်များ ပြန်လည်သုံးသပ်ပြီးပြုပြင်ပြောင်းလဲမှုများ မရပ်မနားပြုလုပ်နေကြရ နိုင်ငံတော်သစ်ကိုစနစ်သစ်ဖြင့်တည်ဆောက်ရာတွင် သာမန်အားထုတ်မှု၊ သမားရိုးကျလုပ်ကိုင်မှုဖြင့်မရ ပါးစပ်ဖြင့်တိုင်းပြည်ကိုချစ်ပြမနေဘဲ မိမိကျွမ်းကျင်မှု အရင်းပြုပြီး တိုင်းပြည်ကိုအလုပ်အကျွေးပြု

ရန်ကုန် စက်တင်ဘာ ၂

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

ကျန်းမာကြံ့ခိုင်သောလူသားအရင်းအမြစ်များဖြစ်ထွန်းရေး ကျန်းမာရေးကဏ္ဍများ၌ ပူးပေါင်းပါဝင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည့် အမျိုးသားရေးလိုအပ်ချက် ဖြစ်သည်။ နိုင်ငံတော်က နိုင်ငံသူနိုင်ငံသား ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးလုပ်ငန်းများကို နိုင်ငံတော်၏လူမှုရေးဦးတည်ချက်များနှင့်အညီ အလေးထား စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးတွင် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်သည့် အာဟာရအခြေအနေ တိုးတက်မြင့်မားရေးလုပ်ငန်းများကို နိုင်ငံတော်က စီမံချက်များချမှတ်ကာ အထူးအလေးထား အကောင်အထည်ဖော်ပေးလျက်ရှိသည်။ သို့မှသာ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေး၊ သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်များကိုထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်–

"ပြည်သူများ၏ အာဟာရဖြည့်ဆည်းပေးနိုင်မှု အခြေအနေကို မြှင့်တင်ပေးနိုင်ရန်အတွက် စားနပ်ရိက္ခာထုတ်လုပ်ရေးအပိုင်းတွင် စနစ်တကျအစီအမံများ ချမှတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အာဟာရပြည့်ဝသော အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးတတ်ရေးအတွက်လည်း ကျန်းမာရေးကဏ္ဍက ဟန်ချက်ညီညီ ပညာပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်က အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ကျန်းမာရေး အထောက်အကူပြုသည့် စားသောက်ပုံအလေ့အထများ ထွန်းကားလာရေး၊ အာဟာရလွန်ကဲမှုနှင့် နီးနွယ်နေသော ရောဂါများ၏ အန္တရာယ်မှ ကာကွယ်တားဆီးရေး စသည့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းရည်မှန်းချက်နှင့်အညီ ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများက အာဟာရဓာတ်များပါဝင်သည့် ဆေးများတိုက်ကျွေးခြင်း၊ အာဟာရဖြည့်စွက်ထားသော အစားအစာများ ထုတ်လုပ်စားသုံးစေခြင်းနှင့် အာဟာရပညာပေးခြင်း စသည့်နည်းလမ်းအမျိုးမျိုးကို ယှဉ်တွဲ၍ အကောင်အထည်ဖော်ပေးလျက်ရှိသည်။

သာဓကအားဖြင့် အင်အားပြည့် ဗီတာမင်အေဆေးလုံးတိုက်ကျွေးမှုများကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖြင့် တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဖြန့်ကြက်ဆောင်ရွက်ခြင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုကာကွယ်ဆေးများနှင့် ပူးတွဲတိုက်ကျွေးမှုများကို စနစ်တကျဆောင်ရွက်ခြင်း စသည်တို့ကို တစ်နိုင်ငံလုံး လွှမ်းခြုံ၍ အမျိုးသားရေးအသွင်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ဤကဲ့သို့ ကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှု အကျိုးရလဒ်ကောင်းများကြောင့် လာမည့် ၂၀၀၅ ခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရည်မှန်းချက်အောင်မြင် ပြည့်မြောက်ရေးနှင့် ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း လွှမ်းခြုံမှုဆက်လက်မြင့်မားရေးတို့အတွက် ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်သည်။ ထို့အပြင် ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများတွင် မိခင်လောင်းများအတွက် သံဓာတ်ဆေးပြားများဖြန့်ဝေပေးခြင်းနှင့် ငါးနှစ်အောက်ကလေးများအတွက် အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ် ပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက်ကြမည်ဖြစ်ရာ မိခင်နှင့်ကလေးငယ်ဖွံ့ဖြိုးရေးအတွက် များစွာအကျိုးဖြစ်ထွန်းမည့် အစီအစဉ်များ ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်နှင့်အတူ နိုင်ငံသူနိုင်ငံသားအားလုံးက ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုများတွင် အမျိုးသားရေးအသွင်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆင်နွှဲကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သာကေတမြို့နယ် အထွေထွေစီးပွားရေးသမဝါယမအသင်းစု နှစ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂

သာကေတမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၉ရက်က မြို့နယ်သမဝါယမဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်လီမိတက် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)တို့က အမှာစကား ပြောကြားကြပြီး ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ်ဝယ်ရောင်း ထူးချွန်ဆုရအသင်းများအား ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးလှကြည်တို့က ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။(**အောက်ပုံ**)

(က–ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်(၂၀၀၄)အထိမ်းအမှတ်

ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် (၂၀၀၄) အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။ "ဘဝအတွက်၊ဆန်သည် အသက်"(RICE IS LIFE) ခေါင်းစဉ် သတ်မှတ်ပေးထားသည်။ မြန်မာနိုင်ငံအတွင်း ဆန်စပါးနှင့် ဆက်သွယ်သော လုပ်ငန်းများကို ဓာတ်ပုံရိုက်ကူးပြိုင်ပွဲဝင်နိုင်သည်။ ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊တတိယဆုငွေကျပ် တစ်သိန်း၊နှစ်သိမ့်ဆုငွေကျပ်ငါးသောင်း သုံးဆုချီးမြှင့်မည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ ဆုရရှိပါက ဖလင် မတောင်းပါ။ မိမိစိတ်ကြိုက် အနုပညာဖန်တီးနိုင်သည်။

ဝင်ရောက်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x ၁၂ လက်မနှင့် ၁၂လက်မ X ၁၈ လက်မအထိ Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ အရေအတွက် အကန့်အသတ်မရှိ ပြိုင်ပွဲဝင်နိုင်သည်။ ပြိုင်ပွဲဝင်များ အနေဖြင့် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု အကန့်အသတ်မရှိ ခံစားခွင့်ရှိသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

ဆုချီးမြှင့်မည့်ရက်ထပ်မံကြေညာမည်

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို အမှတ်(၂၇/၂၉)၊ ၃၅ လမ်း(အောက်) မြန်မာနိုင်ငံဓာတ်ပုံအသင်းသို့ စက်တင်ဘာ ၃၀ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။ ဆုရ အမည်စာရင်းကို လာမည့် အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်ကြေညာမည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ဆုချီးမြှင့်မည်။ ဆုချီးမြှင့်မည့်ရက်ကို ထပ်မံကြေညာမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများအားလုံးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြပွဲများပြုလုပ်မည်ဖြစ်ရာ ဓာတ်ပုံများ ပြန်လည်ပေးအပ် မည်မဟုတ်။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဖုန်း–၃၇၃၁၆၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံ မြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ၏ ဘက်စုံဆောင်ရွက်မှု အခမ်းအနားကို ဩဂုတ် ၂၉ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်မာလာလှိုင်နှင့် အသင်းဝင်များက သက်ကြီးရွယ်အိုများအား ကန်တော့ပစ္စည်းလက်ဆောင် ပေးအပ်စဉ်။(က–ပ)

မြဝတီရုပ်မြင်သံကြား

၃-၉-၂၀၀၄

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Population Statistics II (စီးပွားရေး–ဒုတိယနှစ်)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၃၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၂)

စာအုပ်စာပေ လူ့မိတ်ဆွေ ဖြန့်လေများများ အကျိုးပွား

ယနေ့ကာလကို ပညာခေတ်ဟု ဆိုကြသည်။ သိမှု၊ တတ်မှုများရန် ကြိုးစားနေကြရ၏။ ထိုသိမှု၊ တတ်မှုသုတတိုးပွားရန် အဓိကအားဖြင့် စာဖတ်ကြရ၏။ မျက်မှောက်အခြေအနေတွင် သိသင့်၊ ဖတ်သင့်၊ မှတ်သင့်သည့် ပညာရပ်မျိုးစုံတို့မှာလည်း ကျယ်ပြန့်မြားမြောင်လှ၏။ စာအုပ်စာတမ်းမျိုးစုံမှာလည်း ကမ္ဘာအရပ်ရပ်တွင် အချိန်နှင့်အမျှ ထွက်ရှိဖြန့်ဝေနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အတိုင်းအတာတစ်ခုအထိ များပြားသည်ကို တွေ့နေကြရ၏။

သုတနှင့်ရသဆိုင်ရာစာအုပ်စာတမ်းမျိုးစုံကို ရေးသူများကရေး၊ ထုတ်သူများကထုတ်၊ ဖြန့်သူများကဖြန့်၊ ရောင်းသူများကရောင်းသဖြင့် စာဖတ်သူတို့ ဖတ်ရှုကြရ၏။ မြန်မာစာအုပ် စာပေလောကသည် ရေးနှစ်ပေါင်းများစွာမှ ယနေ့အထိ တိုးပွားစည်ပင်လျက်ရှိသည်ဟု ဆိုနိုင်၏။ ဝါသနာပါသူတို့အဖို့ မည်မျှတန်ဖိုးများသော်လည်း ဝယ်ယူဖတ်ရှုကြ၏။

ယခုအခါ ထုတ်လုပ်မှုစရိတ်များ အလွန်မြင့်မားလာပြီး စာအုပ်ဈေးနှုန်းများမှာလည်း ဖတ်သူအများစု အလုမ်းမမီတော့သည့် အခြေအနေသို့ရောက်နေသဖြင့် ရောင်းသူများ၊ ထုတ်ဝေသူများ တွက်ခြေမကိုက်ဟု ဆိုကြ၏။ အချို့စောင်ရေအနည်းငယ်သာ ရိုက်နိုင်၏။ ထို့ကြောင့် စာအုပ်ဈေးနှုန်း ပိုမြင့်လာရပြန်သည်။ ထိုကွင်းဆက်ကြောင့် စာအုပ်ထုတ်ဝေမှုလုပ်ငန်း နှေးကွေးကာ စာအုပ်ကောင်းများ အထွက်နည်းလာ၏။

မြန်မာနိုင်ငံတွင် စာဖတ်သူ၊ စာပေဝါသနာပါသူသည် အလွန်များပြားသည်ကို ယနေ့ထွက်ရှိနေသည့် စာနယ်ဇင်းအရေအတွက်ကိုကြည့်လျှင် သိသာ၏။ သို့ရာတွင် ပျံ့နှံ့မှုအားနည်း၏။ ဒေသအနှံ့ မရောက်။ မြို့ကြီးများနှင့် ပတ်ဝန်းကျင်လောက်သာ ရောက်၏။ ကျေးလက်အနှံ့ရောက်ရှိရန် မည်သည့် စာနယ်ဇင်းတိုက်ကမျှ မကြိုးပမ်းနိုင်သေးဟု ဆိုကြ၏။

စာပေရေးသားမှုတွင် ယခုအခါ များစွာကျေနပ်စရာ ကောင်းလှ၏။ မျက်မှောက်ကမ္ဘာတွင် ဖြစ်ပျက်နေသမျှကို မြန်မာစာဖတ်သူတို့ ဖတ်ရှုလေ့လာနိုင်အောင် ဘာသာပြန်သူတို့က အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းနေကြ၏။ သုတနှင့်ရသဆိုင်ရာ မြန်မာနှင့် ကမ္ဘာ့ရေးရာအဖြာဖြာကိုလည်း ဘက်စုံ၊ ထောင့်စုံမှ ရေးသားထုတ်ဝေကြ၏။ ပညာ၊ ကျန်းမာ၊ စိုက်ပျိုး၊စက်မှု၊နည်းပညာ၊ စီးပွားရေး၊ လူမှုရေးစသည့် ပညာရပ်ဆိုင်ရာများလည်း စုံစုံလင်လင် တွေ့နေရ၏။

ရေးသူတွေ များများရေးနိုင်အောင်နှင့် ဖတ်သူတွေ များများဖတ်နိုင်အောင် ထုတ်ဝေဖြန့်ချိရောင်းချသူများ၏ အခန်းကဏ္ဍကလည်း အရေးပါလှသည်။ ဖတ်သူများလေ ရောင်းရလေ၊ ရောင်းရလေ များများထုတ်နိုင်လေဖြစ်၍ ထိုမှ တစ်ဆင့်ရေးသူ၊ ပြုစုသူများဆီသို့ တွန်းအားများ ပြန်လည်ရောက်ရှိလာပေမည်။

များများဖတ်နိုင်ဖို့ စောင်ရေများများထုတ်ဖို့ လိုလာ၏။ စောင်ရေများများထုတ်နိုင်အောင် ဝယ်ယူသူများ များများရှိဖို့ လိုအပ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဝယ်နိုင်သူများများရှိအောင် တစ်ဦးချင်းအတိုင်းအတာထက် စာကြည့်တိုက် များများရှိခြင်းသည် ဈေးကွက်သေချာ၏။ ခိုင်မာ၏။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့များတွင် ရပ်ကွက်တိုင်း၌လည်းကောင်း၊ နယ်များတွင် ကျေးရွာများအားလုံး၌လည်းကောင်း စာကြည့်တိုက်များရှိရန် အထူးလိုအပ်လှသည်။ စာအုပ်တစ်အုပ်ကို သောင်းဂဏန်းများများ ရိုက်နိုင်လျှင် စီးပွားရေးအရ တွက်ခြေကိုက်မည်မှာ သေချာ၏။ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှာ သောင်းဂဏန်းများဖြစ်၍ အကျိုးပြုစာပေများ တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်လျှင် သန်းပေါင်းများစွာသော ပြည်သူများ ဖတ်ရှုလေ့လာနိုင်ကြမည်ဖြစ်၍ အလွန်ဝမ်းမြောက်စရာပင်ဖြစ်ပေသည်။

စိုးညွန့် (ပဲခူး)

ဤတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီမံချက်ချ ဆောင်ရွက်နေသဖြင့် မကြာမီကာလအတွင်း ကျေးရွာအုပ်စုတိုင်း၌ စာကြည့်တိုက်များ ပေါ်ပေါက်လာတော့မည်မှာ သေချာနေပြီဖြစ်၏။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးရှိ မြို့နယ်တိုင်းလိုလိုရုံးများဖွင့်လှစ်၍ စာကြည့်တိုက်၊ စာဖတ်ခန်းများဖွင့်ထားသည့် အတွေ့အကြုံရှိပြီးဖြစ်၍ ဤမွန်မြတ်သောလုပ်ငန်းကြီး အောင်မြင်မှာ အသေအချာပင်ဖြစ်၏။ ဒေသခံအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် ပြည်သူများက တက်ညီလက်ညီ အားတက်သရော ပူးပေါင်းဆောင်ရွက်ကြပါက မျှော်မှန်းထားသည်ထက်စောပြီး ပိုမိုအောင်မြင်မည်ဟု ယုံကြည်သည်။

စာကြည့်တိုက်တစ်ခုဖြစ်မြောက်ရေးအတွက် နေရာနှင့် အဆောက်အအုံ၊ ပရိဘောဂ၊ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်သူတို့မှာ အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။ ခက်ခဲစွာ စဉ်းစားလျှင် ခက်ခဲမည်ဖြစ်သော်လည်း နေရာဒေသ အခြေအနေပေးသမျှနှင့် စ၍လုပ်လျှင်ဖြစ်သည်။ လက်ရှိ အချို့ကျေးရွာအုပ်စုများကဲ့သို့ပင် ကျေးရွာရုံးများ၊ စေတနာရှင်များ၏ အဆောက်အအုံများနှင့် အခြေခံပညာကျောင်းများတွင် ဖွင့်နိုင်သည်။ အမာခံအဖြစ် ပညာရေးဝန်ထမ်းများ ပါဝင်သော ကြီးကြပ်ထိန်းသိမ်းရေး အဖွဲ့များဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်မည်။

ဖော်ပြပါ အခြေခံကိစ္စပြည့်စုံပါက စာအုပ်စုဆောင်းရရှိရေး၊ ရန်ပုံငွေရရှိရေးတို့ကို တစ်ဖက်တစ်လမ်းမှ နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းရပါလိမ့်မည်။ ကျေးရွာအတွင်း၊ ဒေသအတွင်း အဝေးရောက်ကျေးရွာသားများနှင့် အခြားစေတနာရှင်များထံမှ စာအုပ်နှင့်ငွေများ လှူဒါန်းရရှိရေးအတွက် လှုံ့ဆော်တိုက်တွန်းနိုင်ပါက စေတနာရှင်များစွာ ပေါ်ထွက်လာမှာသေချာသည်။ ဤကဲ့သို့ မွန်မြတ်သော လုပ်ငန်းတွင် ပါဝင်လှူဒါန်းမှုများကို စာနယ်ဇင်းများတွင် တွေ့မြင်နေရသည်။

မတည်အလှူရှင်များ၊ စုပေါင်းအလှူရှင်များ၊ သဒ္ဓါပေါက်၍ လာရောက်ပေးပို့လှူဒါန်းသူများ သာမက လစဉ်၊ နှစ်စဉ် စာအုပ်တစ်အုပ်ချင်းဖြစ်စေ၊ ထို့ထက် ပို၍ဖြစ်စေ၊ ငွေကြေးဖြစ်စေ၊ ပုံမှန်လှူဒါန်းမည့်သူများ ထွက်ပေါ်လာအောင် ကြိုးပမ်းကြရမည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာတမ်းများ ပုံမှန်ဖြည့်တင်းနိုင်ရေးအတွက် စာကြည့်တိုက်တစ်ခုချင်းအလိုက် ငွေပဒေသာပင်များ စိုက်ထူထားနိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။

လက်ရှိကြုံတွေ့နေရသည့် အခက်အခဲမှာ စာအုပ်စာတမ်းများ ဈေးနှုန်းကြီးမြင့်၍ မဝယ်ယူနိုင်ခြင်း၊ စာအုပ်ထုတ်ဝေသူများကလည်း တွက်ခြေကိုက်မှသာ လုပ်ငန်းအဆင်ပြေမည်ဖြစ်၍ ဈေးနှုန်းမတင်ချင်သော်လည်း တင်နေရခြင်း၊ စောင်ရေနည်းလျှင် ဈေးမြင့်ပြီး အရောင်းမသွက်ခြင်းတို့ ရှိသလို ဖြန့်ချိသူများကလည်း မြို့ကြီးများလောက်သာ ဖြန့်နိုင်သဖြင့် ကျေးလက်အထိ စာအုပ်ရောက်ရှိရေး၊ စာအုပ်ကောင်းများရှိရေးတို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနခွဲ၊ စာအုပ်စာပေတိုက်များ၊ ဖြန့်ချိသူများ၊ ပို့ဆောင်ရေးကိုယ်စားလှယ်များ၊ စာပေနှင့် စာနယ်ဇင်း အဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ အခြားဆက်နွှယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများ ပါဝင်သည့်အဖွဲ့ကြီးဖွဲ့၍ စာအုပ်ဝယ်ယူခြင်း၊ စုဆောင်းခြင်းအဖွဲ့ခွဲ၊ ဖြန့်ချိရေးအဖွဲ့ခွဲစသည်တို့ကို လိုအပ်သလိုဖွဲ့စည်းကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ယခင်ကမရှိခဲ့ဖူးသေးသည့် မွန်မြတ်သောလုပ်ငန်းတစ်ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းသင့်သည်။

ထိုသို့ စနစ်တကျ ဆောင်ရွက်ပါက မည်သည့်စာအုပ်ကို စောင်ရေမည်မျှ ထုတ်ဝေနိုင်မည်ကို ခန့်မှန်းတွက်နိုင်သဖြင့် တစ်ဖက်တွင် အကျိုးအမြတ်သေချာသလို တစ်ဖက်တစ်လမ်းတွင်လည်း အလေအလွင့် နည်းပါးမည်ဖြစ်သည်။

ဤလုပ်ငန်းကြီး အောင်မြင်သွားပါက ရေးသူ၊ ထုတ်သူ၊ ဖြန့်သူ၊ ရောင်းသူနှင့် ဖတ်သူများပါ ဘက်စုံအကျိုးရှိလာမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်၍ သားရွှေအိုးထမ်းလာသည့် လုပ်ငန်းတစ်ရပ်ဟုပင် မှတ်တမ်းတင်ရပါမည်။ ။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာတမ်းများ ပုံမှန်ဖြည့်တင်းနိုင်ရေးအတွက် စာကြည့်တိုက်တစ်ခုချင်းအလိုက် ငွေပဒေသာပင်များ စိုက်ထူထားနိုင်လျှင် အကောင်းဆုံးပင်။

မြောက်ဥက္ကလာပမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (၄) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ အေးချမ်းသာယာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၂၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘုံရှည်ကုန်းစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ တိုးတက်စ လူငယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ်၂၈ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျီးညို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသောင်းညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံအဝန်း ကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်၊စာစောင်များ ဝိုင်းဝန်းကူညီ လှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိကစာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါနငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း-၀၁-၂၅၂၄၅၇၊ ၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊၀၁-၃၇၉၇၇၁နှင့်၀၁-၂၅၂၄၅၁သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါနငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်-

နေ့ရက် - **၇-၉-၂၀၀၄ (အင်္ဂါနေ့)**
အချိန် - **မွန်းလွဲ (၂)နာရီ**
နေရာ - **ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ**

စာပေဒါနပြုလိုကြသော စေတနာရှင်၊အလှူရှင်များ အချိန်မီတက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။

ဆာမာရာမြို့ကို ကန်တို့လေကြောင်းမှ တိုက်ခိုက်
အီရတ်လေးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် သြဂုတ် ၃၁

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဆာမာရာမြို့ စစ်ဆေးရေးစခန်းအနီးတွင် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အီရတ်လေးဦးသေဆုံးပြီး အခြားအီရတ်ငါးဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ သတင်းများက ပြောဆိုသည်။

ယင်းကဲ့သို့ အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အီရတ်ကလေးငယ်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပါဝင်ကြောင်း ဆာမာရာမြို့ ဆေးရုံမှ သတင်းတစ်ရပ်က ဆိုသည်။

အဆိုပါလေကြောင်းမှတိုက်ခိုက်မှုသည် ဆာမာရာမြို့ အရှေ့ဘက် ၁၅ကီလိုမီတာအကွာရှိ နေရာဒေသတစ်ခုတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၃၀မိနစ်ခန့်၌ ဖြစ်ပွားခဲ့ကြောင်း၊ တိုက်ခိုက်မှုကြောင့် အီရတ်တို့၏ မော်တော်ယာဉ်များနှင့် အိမ်တစ်လုံး ပျက်စီးခဲ့ကြောင်း ဆာမာရာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆာမာရာမြို့သည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လက အီရတ်ကို ကျူးကျော်ခဲ့ချိန်မှစပြီး အမေရိကန်တို့ကို ခုခံတိုက်ခိုက်လာခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

သင်တန်းပေး

တိုက်ပွဲဝင်ရန်အတွက် သင်တန်းပေး လေ့ကျင့်နေသော မီဒီတပ်ဖွဲ့ဝင်များအား ဘာဆာရာမြို့၌ သြဂုတ် ၃၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မိုဆူးလ်မြို့တောင်ဘက်၌ ကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် သြဂုတ် ၃၁

အီရတ်နိုင်ငံမြောက်ပိုင်းတွင် အမေရိကန် စစ်ယာဉ်တန်းကို လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္လာနေ့တွင် ကြေညာသည်။

ဖော်ပြ

အဆိုပါဖြစ်ရပ်မှာ ဘဂ္ဂဒက်အနောက်မြောက်ဘက် မိုင် ၃၆၀အကွာရှိ မိုဆူးလ်မြို့တောင်ဘက်တွင် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

သေဆုံး

ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို မိုဆူးလ်မြို့ ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း၊ တစ်ဦးမှာ ဆေးရုံမှ ပြန်ဆင်းသွားပြီး အခြားတစ်ဦးမှာလည်း အခြေအနေကောင်းမွန်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှစတင်၍ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံကိုကျူးကျော်စစ်ဆင်နွှဲခဲ့ချိန်မှစတင်ပြီး ယခု၂၀၀၄ခုနှစ် သြဂုတ် ၂၇ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၉၆၈ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဒီမိုကရက်တစ် ဒုတိယသမ္မတလောင်း ဂျွန်အက်ဒ်ဝပ်
သမ္မတဘုရှ်အား ထိုးနှက်ဝေဖန်တိုက်ခိုက်

ဝါရှင်တန် သြဂုတ် ၃၁

ဒီမိုကရက်တစ် ဒုတိယသမ္မတလောင်း အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်အက်ဒ်ဝပ်သည် သမ္မတဂျော့ဒဗလျူဘုရှ်အား တနင်္လာနေ့၌ ထိုးနှက်တိုက်ခိုက်ခဲ့သည်။

အမေရိကန်သမ္မတ ဘုရှ်သည် ငြိမ်းချမ်းရေးရရန် အစီအစဉ်မရှိဘဲ စစ်မြေပြင်သို့ အမေရိကန် တပ်ဖွဲ့ဝင်များအား စေလွှတ်ခြင်းဖြင့် အရှုပ်အထွေးများကို ဖန်တီးဖြစ်ပေါ်စေခဲ့ကြောင်း အီရတ်၌ အဘူဂါရိုပ် အကျဉ်းစခန်း ညှဉ်းပန်းနှိပ်စက်မှုကို ရည်ညွှန်းကာ အက်ဒ်ဝပ်က ပြောကြားသည်။

ရည်ညွှန်း

ယင်းသို့ ဖြစ်ပေါ်လာခဲ့သည့် အရှုပ်အထွေးအခြေအနေကို သမ္မတက တွက်ကိန်းမှားခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း လွန်ခဲ့သည့်အပတ်၌ နယူးယောက်တိုင်းမ်က ဘုရှ်နှင့် တွေ့ဆုံမေးမြန်းရာတွင် ဘုရှ်က ပြောဆိုခဲ့သည်ကို ရည်ညွှန်းပြီး ဝယ်လင်တန်ရှိ မြောက်ကာရိုလိုင်နာတက္ကသိုလ်တွင် စည်းရုံးမဲဆွယ်စဉ် အက်ဒ်ဝပ်က ပြောကြားသည်။

ဖွင့်လှစ်

လိုရာဆွဲပြောဆိုနိုင်သော်လည်း အမှန်တရားသည် ခေါင်းဆောင်မှုအပိုင်း ညံ့ဖျင်းခြင်းပင်ဖြစ်သည်ဟု အက်ဒ်ဝပ်က ပြောကြားသည်။ ရီပတ်ဘလစ်ကင်တို့သည် နိုင်ငံလုံးဆိုင်ရာ ရီပတ်ဘလစ်ကင်ညီလာခံကို နယူးယောက်၌ တနင်္လာနေ့က ဖွင့်လှစ်ခဲ့သည်။ ထိုညီလာခံ၌ ဘုရှ်နှင့် ဒုတိယသမ္မတ ဒစ်ချေနီတို့အား ပါတီ၏သမ္မတနှင့် ဒုတိယသမ္မတလောင်းများအဖြစ် ပါတီကိုယ်စားလှယ်များက ရွေးချယ်သတ်မှတ်ကြမည် ဖြစ်သည်။

သဘောမတူ

လွန်ခဲ့သည့် လေးနှစ်အတွင်း ဘုရှ်၏ အခြားလုပ်ဆောင်ချက် အမှားများကိုလည်း အက်ဒ်ဝပ်က ထုတ်ဖော်ခဲ့ရာ ခိုင်မာသော အပေါင်းပါနိုင်ငံများမပါဘဲ စစ်ပွဲဆင်နွှဲခဲ့ခြင်းနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများကို ပြန်လည်ဖွဲ့စည်းရန် သဘောမတူခြင်းတို့ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျီစီစီအဖွဲ့ဝင်နိုင်ငံများ ဆေးရွက်ကြီးကြောင့် နှစ်စဉ် လူ ၁၆၀၀၀ကျော် သေဆုံးနေကြရ

အဘူဒါဘီ သြဂုတ် ၃၀

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)အဖွဲ့ဝင်နိုင်ငံများတွင် ဆေးရွက်ကြီးကြောင့် နှစ်စဉ် လူ ၁၆၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ပင်လယ်ကွေ့ နေ့စဉ်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

ဂျီစီစီ အဖွဲ့ဝင်နိုင်ငံများမှာ ရေနံကြွယ်ဝသည့် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)တို့ ဖြစ်သည်။

သေဆုံး

ဂျီစီစီ အဖွဲ့ဝင်နိုင်ငံများသည် ဆေးရွက်ကြီး ထုတ်လုပ်ရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈၁၉ ဒသမ ၆၇သန်းသုံးစွဲခဲ့ပြီး အဆိုပါနိုင်ငံများ၌ နေ့စဉ်ဆေးလိပ်သောက်သူ ၄၅ဦးသေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)၏ အစီရင်ခံစာအပေါ်အခြေခံ၍ သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မီးလောင်

ဘဂ္ဂဒက်မြို့အနီး ရေနံပိုက်လိုင်းတစ်လိုင်း တိုက်ခိုက်ခံခဲ့ရပြီး မီးလောင်နေသည်ကို သြဂုတ် ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယတားစာခံသုံးဦးလွတ်မြောက်ရေး မျှော်လင့်ချက်ရှိ
သက်ဆိုင်သူအားလုံးနှင့် အဆက်အသွယ်မပြတ်လုပ်ဆောင်ထား

ဘင်္ဂလား သြဂုတ် ၃၀

အိန္ဒိယ ဓားစာခံသုံးဦး စောစောလွတ်မြောက်ရေးအတွက် မျှော်လင့်ချက်ရှိကြောင်း၊ အိန္ဒိယသံရုံး အရာရှိများသည် ၎င်းတို့လွတ်မြောက်ရေးအတွက် သက်ဆိုင်သူအားလုံးနှင့် အဆက်အသွယ်မပြတ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး နတ်ဝါဆင်းက စနေနေ့၌ ပြောကြားလိုက်သည်။

ကူဝိတ်နှင့်ပင်လယ်ကွေ့ဆက်သွယ်ပို့ဆောင်ရေးကုမ္ပဏီ (ကေဂျီအယ်လ်)က လုပ်ငန်းများ ရပ်ပြီး ပြန်ပေးသမားများ၏ တောင်းဆိုချက်ကို လိုက်လျောရန် ဆုံးဖြတ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံက ဆောင်ရွက်၍ အနာဂတ်ကိစ္စနှင့် စပ်လျဉ်း၍ ဆင်းကပြောကြားခြင်းမရှိပေ။ ပြန်ပေးသမားများ ဖမ်းထားခံရသည့် ဓားစာခံများ လွတ်မြောက်ရေးကိစ္စသည် အလွန်အတိမ်းအစောင်းမခံကြောင်း ၎င်းက ပြောကြားသည်။

ထရပ်ကားယာဉ်မောင်း ခုနစ်ဦးကို ပြန်ပေးဆွဲထားသူများမှာ မိမိတို့ဖြစ်ကြောင်း ဘလက်ဘင်နာဘရီဂိတ်အဖွဲ့အစည်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်

နယ်စပ်ဖြတ်ကျော်ကျူးလွန်သည့် ရာဇဝတ်မှုများ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား ပူးပေါင်းနှိမ်နင်းမည်

ဂျကာတာ သြဂုတ် ၃၁

အင်ဒိုနီးရှားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်များသည် နယ်စပ်ဖြတ်ကျော် ကျူးလွန်သည့် ရာဇဝတ်မှု ပူးပေါင်းနှိမ်နင်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား တနင်္လာနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

၎င်းနားလည်မှု စာချွန်လွှာအရ နှစ်နိုင်ငံမှရရှိထားသော ရာဇဝတ်မှုနှင့် ပတ်သက်သည့်သတင်းများ အပြန်အလှန်ဖလှယ်ရန်နှင့် အကြမ်းဖက်မှုများ၊ မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုမှုနှင့် တရားမဝင်သော လက်နက်ကုန်သွယ်မှုများကို နှစ်နိုင်ငံလက်တွဲ၍ တိုက်ခိုက်နှိမ်နင်းသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ ရဲချုပ် ဒါလ်ဘက်ချ်တီယာက လက်မှတ်ရေးထိုးပွဲအပြီးတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

နှစ်နိုင်ငံရဲချုပ်များ တစ်နာရီကြာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်အတွင်း ရဲချုပ် ဒါလ်ဘက်ချ်တီယာက အင်ဒိုနီးရှားရဲတပ်ဖွဲ့အနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် နေထိုင်လျက်ရှိသော တောင်ကိုရီးယားလူမျိုးများအား အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နယူးယောက်၌ အိုးမဲ့အိမ်မဲ့များနှင့် ဆင်းရဲသူများ ဘုရှ်အား ကန့်ကွက်ဆန္ဒပြ

နယူးယောက် ဩဂုတ် ၃၁

ထောင်ပေါင်းများစွာသော ကန့်ကွက်ဆန္ဒပြသူများသည် ဘုရှ်အစိုးရ၏ စီးပွားရေးမူဝါဒများကို တနင်္လာနေ့က နယူးယောက်မြို့၌ ချီတက်ပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အိုးမဲ့အိမ်မဲ့များနှင့် ဆင်းရဲသူများကို ကိုယ်စားပြုသော ခန့်မှန်းခြေ ၁၀၀၀ ခန့်ရှိလူများသည် ကုလသမဂ္ဂဌာနချုပ်၏ တစ်ဖက်တွင် လူထုစည်းဝေးပွဲပြုလုပ်ခဲ့ပြီး အခြား ထောင်ပေါင်းများစွာတို့က မက်ဒီဆင် ပန်းခြံရင်ပြင်သို့ ချီတက်ခဲ့ကြသည်။

ဆင်းရဲမှုနှင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရှိသူများအား ရီပတ်ဘလစ်ကင်များက လျစ်လျူရှုထားကြောင်း စွပ်စွဲဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်သူများက အီရတ်အား အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်တိုက်ခိုက်မှုကို စက်တင်ဘာ ၁ရက်က ကန့်ကွက်ဆန္ဒပြနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆန္ဒပြ

အဆိုပါကန့်ကွက်ဆန္ဒပြမှုသည် သမ္မတကျော့ဒဗလျူဘုရှ်အား ဒုတိယအကြိမ် လေးနှစ်သက်တမ်းအတွက် အဆိုပြုရန် ရီပတ်ဘလစ်ကင်တို့က ညီလာခံစတင်ရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဘုရှ်သည် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပမည့်သမ္မတရွေးကောက်ပွဲတွင် မက်ဆာချူးဆက်ပြည်နယ်၏ ဒီမိုကရက်တစ်သမ္မတလောင်း အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီနှင့်ယှဉ်ပြိုင်အရွေးခံရမည်ဖြစ်သည်။

ကိုင်ဆောင်

ကုလသမဂ္ဂဌာနချုပ်အနီး ပြုလုပ်သောလူထုစည်းဝေးပွဲတွင် ဆန္ဒပြသူများက ဆင်းရဲနွမ်းပါးမှုကို ကြားသိစေမည်။ ပြည်သူတို့အား နေရာထိုင်ခင်းပေးခြင်းသည် လူ့အခွင့်အရေး တစ်ရပ်ဖြစ်သည်ဟု ရေးသားထားသော စာတန်းများကို ကိုင်ဆောင်၍ ဆန္ဒပြခဲ့ကြသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်သတင်းအကျဉ်း

ဘဂ္ဂဒက် စက်တင်ဘာ ၂

- ❒ ဩဂုတ် ၃၁ ရက် အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၇၅ဦး ရှိပြီ၊
- ❒ ဒုတိယအသုတ် ဆာဗေဒိုတပ်ဖွဲ့ဝင် ၁၅၅ဦး အီရတ်မှ နေရင်းနိုင်ငံသို့ပြန်၊
- ❒ ဆာမာရာမြို့ကို ကန်တို့ လေကြောင်းမှ တိုက်ခိုက်၍ အီရတ် လေးဦးသေဆုံး၊
- ❒ မိုဆူးလ်မြို့ တောင်ဘက်၌ ကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ၊ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၊
- ❒ ဘဂ္ဂဒက်မြို့အနီး ရေနံပိုက်လိုင်းတစ်ခု တိုက်ခိုက်ခံခဲ့ရပြီး မီးလောင်ကျွမ်းလျက်ရှိ၊
- ❒ အီရတ်လက်နက်ကိုင်တို့ ပြန်ပေးဆွဲခဲ့သည့် နီပေါ ၁၂ဦးအား အီရတ်လက်နက်ကိုင်တို့က သတ်ဖြတ်လိုက်ပြီဟု နီပေါအတည်ပြု။

ဒုတိယအသုတ် ဆာဗေဒိုတပ်ဖွဲ့ဝင်၁၅၅ဦး အီရတ်မှနေရင်းနိုင်ငံသို့ပြန်

မက္ကဆီကို စက်တင်ဘာ ၁

အီရတ်တွင် ခြောက်လတာလုပ်ငန်းဆောင်ရွက်ပြီးစီးသဖြင့် ဒုတိယအသုတ် ဆာဗေဒိုတပ်ဖွဲ့ဝင် ၃၇၄ဦးအနက်မှ တပ်ဖွဲ့ဝင် ၁၅၅ ဦးသည် အင်္ဂါနေ့၌ အယ်လ်ဆာဗေဒိုနိုင်ငံသို့ ပြန်ရောက်လာခဲ့ကြကြောင်း ဆန်ဆာဗေဒိုမြို့တော်မှ ပေးပို့သော သတင်းဌာနက ဖော်ပြထားသည်။

ဆာဗေဒိုတပ်ဖွဲ့ဝင် ၁၅၅ဦးသည် ကူဝိတ်နိုင်ငံမှ ထွက်ခွာခဲ့ကြပြီးနောက် လမ်းတွင် အိုက်စ်လင်း၊ အမေရိကန်ပြည်ထောင်စု၊ ဂွါတီမာလာတို့၌ ခရီးတစ်ထောက်ရပ်နားခဲ့ကြကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

အစီအစဉ်ရှိ

ကျန်ဆာဗေဒိုတပ်ဖွဲ့ဝင် ၂၁၉ဦးသည် ကြာသပတေးနေ့တွင် အယ်လ်ဆာဗေဒိုပြန်ရန် အစီအစဉ်ရှိကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အယ်လ်ဆာဗေဒိုနိုင်ငံသည် အီရတ်တွင် အလှည့်ကျတာဝန်ထမ်းဆောင်စေရန်အတွက် တတိယအသုတ်တပ်ဖွဲ့ဝင် ၃၈၀ကို အီရတ်သို့ ပြီးခဲ့သည့်အပတ်က စေလွှတ်ပြီးစီးခဲ့သည်။

စခန်းချ

အီရတ်သို့ အသစ်စေလွှတ်ခဲ့သော တပ်ဖွဲ့ဝင်များသည် နောက်ထပ်ခြောက်လသက်တမ်းအတွက် အီရတ်၌ ရှိနေမည်ဖြစ်ကြောင်း၊ နာဂျက်ဖ်မြို့မှ ကွာဝေးသော လုံခြုံမှုရှိသည့်နေရာတွင်စခန်းချကြမည်ဖြစ်ကြောင်း ဆာဗေဒိုသမ္မတ အီလီယာ့စ်ဆာကာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးခဲ့သည့်ဗြိတိသျှတပ်ဖွဲ့ဝင်၏မိသားစု အီရတ်စစ်ဆန့်ကျင်ရေးလှုံ့ဆော်မှုလုပ်ဆောင်ခဲ့

လန်ဒန် စက်တင်ဘာ ၁

အီရတ်၌သေဆုံးခဲ့ရသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး၏ မိသားစုသည် အီရတ်စစ်ဆန့်ကျင်ရေးလှုံ့ဆော်မှုကိုစတင်လုပ်ဆောင်ခဲ့ပြီး စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုများအတွက် တရားမျှတမှုဖြစ်စေရန်ကြိုးပမ်းခဲ့ကြောင်း ဘီဘီစီက အင်္ဂါနေ့၌ သတင်းထုတ်လွှင့် ကြေညာသည်။

ဘာဆရာမြို့တွင်ဇွန်လထဲ၌ လမ်းဘေးဗုံးပေါက်ကွဲထိမှန်ခံရသဖြင့်သေဆုံးခဲ့သောဗြိတိသျှတပ်ဖွဲ့ဝင် ဂေါ်ဒွန်ဂျင်တဲလ်၏မိခင် ရို့စ်ဂျင်တဲလ်က အင်္ဂါနေ့ညပိုင်း၌ပြုလုပ်ခဲ့သည့် သတင်းစာရှင်းပွဲတွင် လူသိရှင်ကြား စစ်ဆန့်ကျင်ရေးကို လှုံ့ဆော်လိုက်သည်။

လစ်ဟင်း

ဂျင်တဲလ် မိသားစုသည် အသက် ၁၉နှစ်အရွယ်ရှိ ဂေါ်ဒွန်အား ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန(အမ်အိုဒီ)သည် ထိခိုက်ဒဏ်ရာအနာတရမဖြစ်အောင် ဂရုစိုက်ရမည့်ယင်း၏ တာဝန်ကို လစ်ဟင်း ပေါ့လျော့ခဲ့ကြောင်း ယုံကြည်ထားပြီး ဂေါ်ဒွန် သေဆုံးမှုနှင့်စပ်လျဉ်း၍အမ်အိုဒီအား တရားစွဲမည့်အကြောင်း ထုတ်ဖော်ပြောဆိုထားပြီးဖြစ်သည်။

ယုံကြည်

အကယ်၍သာ အီလက်ထရွန်နစ်အချက်ပြကိရိယာ တပ်ဆင်ပေးထားလျှင် သူမ၏သား မသေဆုံးနိုင်ဟု ယုံကြည်ထားသည်။

အခြားထောင် ပေါင်းများစွာသော မိသားစုများလည်း မိမိတို့လို ခံစားရမည်မှာ သေချာကြောင်း မိမိတို့၏ သားသမီးများအီရတ်မှထွက်ခွာကြစေလိုကြောင်းသူမကဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ယခုနှစ်၏ ဇန်နဝါရီမှ ဇူလိုင်လအတွင်း မိုဘိုင်းလ်ဖုန်း ဒေါ်လာ၇ဒသမ ၁၅ ဘီလီယံဖိုး တရုတ်တင်ပို့ခဲ့

ပေကျင်း ဩဂုတ် ၃၀

မိုဘိုင်းလ်ဖုန်းများတင်ပို့ရောင်းချရာ၌ ကမ္ဘာ့အကြီးမားဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည်ယခုနှစ်၏ ဇန်နဝါရီနှင့် ဇူလိုင်လအတွင်း ဒေါ်လာ၇ဒသမ ၁၅ဘီလီယံဖိုးတင်ပို့ရောင်းချခဲ့ရာ ၁၀၄ဒသမ ၉ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုကာလ အပိုင်းအခြားအတွင်း လက်ကိုင်ဖုန်း ၇၃ ဒသမ ၄၁ သန်းတင် ပို့ရောင်းချခဲ့ရသဖြင့် နှစ်အလိုက် ၅၅ဒသမ၉ရာခိုင်နှုန်းတိုးမြင့်ခဲ့သည်။ ထို့ပြင် ဆဲလ်ဖုန်း ၉၄ ရာခိုင်နှုန်းမျှ တင်ပို့ရောင်းချခဲ့ရသည်ဟု သိရသည်။

တင်ပို့ရောင်းချသော လက်ကိုင်ဖုန်းများကိုထုတ်လုပ်သူများသည် အများအားဖြင့် ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ပြီး တင်ပို့ရောင်းချခဲ့ကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ ဆဲလ်ဖုန်းများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့်ဒေသ၉၉ခုသို့ တင်ပို့ရောင်းချခဲ့ရာ အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်၊ ဂျာမနီနှင့် စင်ကာပူနိုင်ငံတို့သည်အကြီးမားဆုံးဈေးကွက်ကြီးလေးခုဖြစ်ခဲ့ပြီးစုစုပေါင်း တင်ပို့မှု၏ လေးပုံသုံးပုံမျှ တင်ပို့ရောင်းချခဲ့သည်။

အင်တာနက်၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့ရှိ ကာရာဒါအရပ်တွင် စက်တင်ဘာ၁ရက်က လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များ အပျက်အစီးများအား စစ်ဆေးနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra **နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra **နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်တွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)

■ ကျောဖုံးမှ

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်ဇနီးဒေါ်ခင်မိမိတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီးနှင့် အဖွဲ့ဝင်များအား ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊ အတွင်းရေးမှူးဗိုလ်မှူးတင်အောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်ဇနီး ဒေါ်ခင်မိမိနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံရှေးဟောင်းသုတေသနပြတိုက် ပြတိုက်မှူးဦးမြင့်စိုးအောင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး လှည့်လည်ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်း ဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေစည်းခုံ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ဓမ္မလက်ဆောင်ပေး

ထို့နောက် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်သည်စေတီတော်ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့တာဝန်ရှိသူက လက်ခံပြီး ရွှေစည်းခုံစေတီတော်ပုံတော်ဓာတ်ပုံကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော်အား လှည့်လည်ကြည်ညိုကြပြီး ဆက်လက်ထွက်ခွာလာရာ အာနန္ဒာဘုရားသို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးအား ပြတိုက်မှူးဦးမြင့်စိုးအောင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

လှည့်လည်ကြည်ညို

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ရှေးဟောင်းပုဂံခေတ်လက်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ရုပ်ပွားဆင်းတုတော်များကို လှည့်လည်ကြည်ညိုသည်။

ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်သည် အာနန္ဒာဘုရားဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ အာနန္ဒာဘုရား ဂေါပကအဖွဲ့က အာနန္ဒာဘုရားပုံတော် ယွန်းထည်ကို ဓမ္မလက်ဆောင် အဖြစ်ပြန်လည်ပေးအပ်သည်။

မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်မှူးဦးမြင့်စိုးအောင်နှင့် တာဝန်ရှိသူများက ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသကြပြီး ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်ဇနီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပုဂံဘုရားများရှုခင်း ပန်းချီကားရှေ့တွင် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်သည် ပုဂံရှေးဟောင်းသုတေသနပြတိုက် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကြပြီး ပြတိုက်မှူး ဦးမြင့်စိုးအောင်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီးနှင့် အဖွဲ့ဝင် များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်ဇနီးတို့က ပုဂံဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်ဇနီး ဒေါ်ခင်မိမိတို့က ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်အား ယွန်းဆင်ရုပ်ကိုလည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်၏ ဇနီးအား ယွန်းအုပ်ကို လည်းကောင်း အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ရာထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးတို့ကလည်း အမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ပုဂံ-ညောင်ဦးလေဆိပ်သို့ ပြန်လည်ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်ဇနီး ဒေါ်ခင်မိမိ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊အတွင်းရေးမှူးဗိုလ်မှူးတင်အောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုင်းဘုရင့် တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra **နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းက ပုဂံ ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

မန္တလေးမှ ကြိုဆိုနှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး Madame Veena Shinawatra ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင်ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပုဂံ-ညောင်ဦး လေဆိပ်မှ မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ၁နာရီ၁၅မိနစ်တွင်မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့် ချစ်ကြည်ရေး

စာမျက်နှာ ၇ ကော်လံ ၁

ရဲရွာရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်စစ်ဆေး စီမံကိန်းများသတ်မှတ်ကာလထက် စောပြီးရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှတာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၉ရက်နံနက်ပိုင်းက မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်သို့ ရောက်ရှိပြီးနောက် တည်ဆောက်ဆဲရဲရွာနှင့် ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ပြီးစီးပါက ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၂၃၀/၁၃၂/၃၃ ကေဗွီ ၄၀၀ အမ်ဗွီအေ ရွှေစာရံဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာနှင့် ကျောက်ဆည်မြို့နယ်တွင်တည်ဆောက်မည့် ကေဗွီ ၂၃၀ ကျောက်ဆည်ဓာတ်အားခွဲရုံတည်ဆောက်မည့် မြေနေရာ ရွေးချယ်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းအစည်းအဝေးခန်းမ၌ကျင်းပသော ရေအားလျှပ်စစ်စီမံကိန်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကား ပြောကြားရာ၌ လက်ရှိဆောင်ရွက်နေကြသော စီမံကိန်းများ သတ်မှတ်ကာလထက်စော၍ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲမှု မှန်ကန်ရေး၊ ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲကြရေး၊ လေလွင့်ဆုံးရှုံးမှု မရှိရေး၊ ကြိုတင်ဆောင်ရွက်၍ရသည့် လုပ်ငန်းများကို ကြိုတင်လုပ်ကိုင်ကြရေး၊ လုပ်ငန်းအောင်မြင်ရေးအတွက် ကြိုတင်မျှော်တွေးတီထွင်ကြံဆဆောင်ရွက်ကြရေးနှင့် ခြိုးခြံချွေတာရေးတို့ကို အသေးစိတ်ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်အဖွဲ့သည် ဩဂုတ် ၃၀ရက် နံနက်ပိုင်းတွင် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တမံမျက်နှာပြင် မြေညှိခြင်းလုပ်ငန်း၊ ရေတားနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖောက်လုပ်ပြီးစီးသွားသည့် ရေလွှဲဥမင်လိုဏ် အမှတ်(၂)၊ ဖောက်လုပ်ဆဲရေလွှဲဥမင်လိုဏ်အမှတ်(၁)နှင့် ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်း၊ ရေယူအဆောက်အအုံ R.C.C ကွန်ကရစ်ဖျော်စက် တည်ဆောက်မည့်နေရာ၊ R.C.C ကွန်ကရစ်ဖျော်ရာတွင် အသုံးပြုမည့် ရေခဲစက် တည်ဆောက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက တာဝန်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ အဆောက်အအုံများခိုင်ခံ့ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra **နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)**

စာမျက်နှာ ၆မှ

ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ဆီမီးနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ကပ်လှူပူဇော်

ထို့ပြင် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းများကပ်လှူပူဇော်ကြသည်။

ထို့နောက် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra သည် မဟာမုနိ ရုပ်ရှင်တော်မြတ် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြ၍ မဟာမုနိရုပ်ရှင်တော်မြတ်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား လက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ကို သွားရောက်ကြည့်ရှုလေ့လာကြရာ အောင်မြေသာစံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးအေးမောင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး မြနန်းစံကျော်ရွှေနန်းတော်အကြောင်း သိကောင်းစရာများကို ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်အတွင်းလိုက်လံကြည့်ရှုလေ့လာကြပြီး နန်းမြင့်မျှော်စင်အနီး၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကြရာ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

မန္တလေးတောင်ပေါ်မှလေ့လာ

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့၏ ရှုခင်းအလှကို မန္တလေးတောင်တော်ပေါ်မှ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်General Chaisit Shinawatraသည်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှပြန်လည်ထွက်ခွာသွားကြရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

စွမ်းအင်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးပြန်လည်ရောက်ရှိ ဇီဝလောင်စာသုံးစွဲမှုဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ခဲ့

ရန်ကုန် စက်တင်ဘာ ၂

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၃၀ ရက်မှ ၃၁ရက်အထိကျင်းပခဲ့သော ဇီဝလောင်စာသုံးစွဲမှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူး (စီမံရေး) ဦးမြင့်သောင်းလည်း ပြန်လည် လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်သာရှိမည်

ရန်ကုန် စက်တင်ဘာ ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့်ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား၊ ပဲခူးတိုင်းနှင့်ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်း အောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရွှေဘိုမြို့ ၃ ဒသမ ၁၅ လက်မနှင့် ကျောက်တော်မြို့ ၂ ဒသမ ၅၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အနည်းအငယ်သာ ရှိနေသည်။

စက်တင်ဘာ ၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

နိုင်ငံသားများ၏အသိပညာ
လူ့အဖွဲ့ အစည်းကောင်းကျိုး

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅)သင်တန်းဖွင့်ပွဲတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏အနာဂတ်အတွက် အားထားရမည့် နိုင်ငံ့သားကောင်း လူ့အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသော အခြေခံပညာမှ ဆရာ ဆရာမများအနေဖြင့် ယခုကဲ့သို့မွမ်းမံသင်တန်းများ တက်ရောက်ရသည့် အကြောင်းအရင်းကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် နိုင်ငံတော်၏ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၏ တိုးတက်မှုအခြေအနေများနှင့် မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုအခြေအနေများကို အမှန်အတိုင်း၊ ပကတိအတိုင်း ဆက်စပ်လေ့လာနားလည်သိရှိပြီး ကျောင်းဆရာများ၏ ထမ်းဆောင်ရမည့်၊ ထမ်းဆောင်ထိုက်သည့် မွန်မြတ်သောအခန်းကဏ္ဍကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန် ပိုမိုရှင်းရှင်းလင်းလင်း သိမြင်ခံယူနိုင်ရန်နှင့် လက်တွေ့အလုပ်လုပ်နိုင်ရန်တို့အတွက် ယခုကဲ့သို့ မွမ်းမံသင်တန်းမျိုးကို တက်ရောက်လာရခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

တင်စားပြောဆို

ယနေ့ခေတ် ယနေ့ကာလသည် သိပ္ပံနှင့်နည်းပညာရပ်များလျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့်ကာလ၊ အထူးသဖြင့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာ(IT)မှာ အံ့မခန်းတိုးတက်နေသည့်ကာလဖြစ်ကြောင်း။

ကမ္ဘာကြီးတစ်ခုလုံးမှာလည်း အတိုင်းအဆမရှိသည့် အရှိန်အဟုန်ဖြင့် ဆက်စပ်ယှက်နွယ် တိုးတက်ပြောင်းလဲလာလျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာကြီးမှာ အလွန်ကျဉ်းမြောင်းလာပြီး (Global Village) ကျေးရွာကဲ့သို့ ဖြစ်နေပြီဟု တင်စားပြောဆိုလာနေကြပြီဖြစ်ကြောင်း။

အမှန်တကယ်လည်း ကမ္ဘာ့အစိတ်အပိုင်းတစ်ခု၏ဖြစ်ပျက်မှုတစ်ခုကို ကျန်ကမ္ဘာ့အစိတ်အပိုင်းအားလုံးက နာရီပိုင်းမျှအတွင်း ကြားနိုင် မြင်နိုင် သိနိုင်သည့်အခြေအနေ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု အကြား ကွာဝေးနေသည့် ခရီးမိုင်များမှာလည်း အကန့်အသတ်မဟုတ်တော့သည့်အခြေအနေမျိုးဖြစ်လာကြောင်း။

အပြည့်အဝခံယူ

ထို့ကြောင့်လူသားတို့၏ တီထွင်ကြံဆဖန်တီးမှုများကြောင့် နည်းပညာအသစ်များနှင့်လွှမ်းခြုံနေသည့် သတင်းနှင့်ဆက်သွယ်ရေးခေတ်ကို ရောက်ရှိနေပြီဆိုသည်ကို သံသယမရှိ အပြည့်အဝ နားလည်ခံယူနိုင်ကြရန် အထူးအရေးကြီးကြောင်း။

ယင်းသို့ ပြောင်းလဲတိုးတက်နေသည့်ခေတ်၌ ကမ္ဘာ့နိုင်ငံတိုင်းသည် အနာဂတ်ကာလ၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ပညာတတ်နိုင်ငံသားများမွေးထုတ်ရန်အတွက် ပညာရေးစနစ်များကို နိုင်ငံအလိုက် ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ မရပ်မနားပြုလုပ်နေကြပြီဖြစ်ကြောင်း။

ဘက်စုံပြုပြင်ပြောင်းလဲ

ယင်းသို့သော အခြေအနေမျိုး၌ အကြောင်းအမျိုးမျိုးကြောင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေရသောမိမိတို့နိုင်ငံကို အမြန်ဆုံး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာအောင် ကြိုးပမ်းတည်ဆောက်သည့်နေရာ၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဘက်စုံကဏ္ဍစုံမှ ပြန်လည်ပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်တည်း လုပ်ကိုင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့နိုင်ငံတော်ကိုတာဝန်ယူနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် တိုင်းပြည်ကို တည်ငြိမ်အေးချမ်းအောင် အချိန်ကာလအတိုင်းအတာအကန့်အသတ်ဖြင့် တာဝန်ယူလုပ်ဆောင်ရသည့် အိမ်စောင့်အစိုးရပုံစံမျိုးမဟုတ်ဘဲ တိုင်းပြည်ကို ခေတ်သစ်စနစ်သစ်တစ်ရပ်သို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်အောင် တာဝန်ယူလုပ်ကိုင်နေရသည့် အစိုးရမျိုးဖြစ်ကြောင်း ကြုံကြိုက်တုံး ရှင်းလင်းပြောကြားလိုကြောင်း။

တိုင်းပြည်အလုပ်အကျွေးပြု

နိုင်ငံတော်သစ်ကို စနစ်သစ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများသည် မြားမြောင်လှသကဲ့သို့ များစွာရှုပ်ထွေးသိမ်မွေ့လှကြောင်း၊ ထို့ကြောင့် ယနေ့အချိန်၌ သာမန်အားထုတ်မှု၊ သာမန်အလုပ်လုပ်မှုမျိုးဖြင့် သမားရိုးကျလုပ်ကိုင်နေ၍မဖြစ်ဘဲ၊ တိုင်းပြည်နှင့်လူမျိုးအပေါ် စိတ်ရင်းစေတနာ ကောင်းကောင်းနှင့် ဖိဖိစီးစီး အားထုတ်လုပ်ကိုင်နေရမည့် အခြေအနေ အချိန်အခါမျိုးဖြစ်ကြောင်း၊ ပါးစပ်ဖြင့် တိုင်းပြည်ကိုချစ်ပြနေရမှာမဟုတ်ဘဲ မိမိ၏ကျွမ်းကျင်မှု၊ မိမိ၏စွမ်းအားတို့ကို အရင်းပြုပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုနေရမှာဖြစ်ကြောင်း။

ခြုံလိုက်လျှင် ကမ္ဘာ့အခြေအနေများ၏ တိုးတက်ပြောင်းလဲမှု၊ သိပ္ပံနှင့်နည်းပညာရပ်များ၏ လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းနေမှုနှင့် မိမိတို့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်မှုများကြောင့် ၁၉၉၈ခုနှစ်ခန့်ကစပြီး မြန်မာ့ပညာရေးစနစ်ကို ခေတ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးအောင်ပညာရေးဝန်ထမ်းများနှင့်ပင် အကြိမ်ကြိမ်အကျေအလည်ညှိနှိုင်းပြီး အခြေခံကျကျ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လာခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်တိုက်တွန်းအားပေးမှု၊ မြန်မာနိုင်ငံပညာရေးကော်မတီ၏ ကြပ်မတ်စောင့်ရှောက်မှု၊ ပညာရေးဝန်ထမ်းများ၏ စုပေါင်းညှိနှိုင်း ဆွေးနွေးအဖြေရှာမှုတို့၏ အကျိုးဆက်အဖြစ် အမျိုးသားပညာရည်မြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ လက်တွေ့ကျကျ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းတိုင်းကျောင်းတိုင်းတွင်လည်း အနာဂတ်ကို ရဲရဲတင်းတင်းမျှော်မှန်းထားသည့် အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်မော်ကွန်းများကို ဆရာ ဆရာမများ မြင်တွေ့ကြသည့်အတိုင်း မွန်မြတ်ခိုင်မာစွာ စိုက်ထူထားပြီးဖြစ်ကြောင်း။

ထိုမျှော်မှန်းချက်သည် နိုင်ငံနှင့်လူမျိုးအဓွန့်ရှည်ကြာစွာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် မြင့်မြင့်မားမား၊ မွန်မွန်မြတ်မြတ်ထားရှိသည့် မျှော်မှန်းချက်ဖြစ်ကြောင်း၊ ယင်းမျှော်မှန်းချက်မှာ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ ခိုင်မာသည့် ယုံကြည်ချက်ပင်ဖြစ်ရမှာဖြစ်ကြောင်း။

ခိုင်မြဲသောအရင်းအမြစ်

ထို့ကြောင့် ပညာခေတ်၏ ပညာရေးမျှော်မှန်းချက်သည် စာသင်ခန်းများအတွင်း၌သာ ကန့်သတ်တည်ရှိမနေတော့ဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် ဆက်နွယ်လာပြီး နိုင်ငံသားအားလုံး စာတတ်မြောက်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ သင်ယူရေး၊ အလယ်တန်းပညာအဆင့်ကို ဆက်လက်သင်ကြားနိုင်ရေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စဉ်ဆက်မပြတ် ပညာဆည်းပူးနေနိုင်သည့် လူတိုင်းအတွက်

ရောဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အသိပညာ အတတ်ပညာသည် နိုင်ငံတော်၏ခိုင်မြဲသောအရင်းအမြစ်ဖြစ်
င်းကျိုးအတွက် အသိပညာ အတတ်ပညာဗဟုသုတအမြဲတိုးပွားအောင်လေ့လာ

ပညာအခွင့်အလမ်းရှိရေး၊ တစ်မျိုးသားလုံး၏ ပညာရည်အဆင့်အတန်း မြင့်မားလာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးစသည့် ကျယ်ပြန့်နက်ရှိုင်းသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မျှော်မှန်းချက်များအထိ အကျိုးဝင်လာနေပြီဖြစ်ကြောင်း၊ နိုင်ငံသားများ၏ အသိပညာ အတတ်ပညာသည် နိုင်ငံတော်၏ မကုန်ဆုံးနိုင်သည့် ခိုင်မြဲသော အရင်းအမြစ်ဖြစ်သည်ကို နားလည်ခံယူရမှာဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူလူငယ်များ၏ သင်ယူတတ်မြောက်လိုမှု၊ ရှာဖွေစူးစမ်းလိုမှု၊ နားလည်တတ်ကျွမ်းလိုမှုတို့ကို အစဉ်အမြဲ အားပေးမြှင့်တင်ပြီး ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် မြေတောင်မြှောက်ပေးရမှာဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားအားလုံးအနေဖြင့် သင်ယူမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်နှင့် ဗဟုသုတနယ်ပယ်စသည့် နယ်ပယ်အားလုံးတွင် ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြည့်ရှုထိန်းကျောင်း အားပေးသွားနိုင်ရမှာဖြစ်ကြောင်း၊ အတန်းအလိုက် ပြဋ္ဌာန်းထားသည့် စာအုပ်စာတမ်းများကို အလွတ်ကျက်စေပြီး သင်ယူစေသော သမားရိုးကျနည်းသည် ခေတ်စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်မှု မရှိတော့သည့် သဘောမျိုးအဖြစ် ပိုမိုထင်ရှားလာနေပြီဖြစ်ကြောင်း။

အစဉ်အမြဲလေ့လာဆည်းပူး

ထို့ကြောင့် ဆရာများသည် စာပေသင်ကြားနေသည့် ပုဂ္ဂိုလ်များအဖြစ်သာမက လူ့အဖွဲ့အစည်းကို ပြုစုပျိုးထောင်သူများ၊ လူ့အဖွဲ့အစည်း ကောင်းကျိုးအတွက် ဆောင်ရွက်နေသူများအဖြစ် တန်ဖိုးရှိစွာခံယူရမှာ ဖြစ်သကဲ့သို့ မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတို့ကိုလည်း အစဉ်အမြဲ တိုးပွားနေအောင် လေ့လာဆည်းပူးနေကြရမှာဖြစ်ကြောင်း။

ဆရာ ဆရာမများ၏ အတွေးအခေါ်နှင့် အသိပညာသည် အမြဲရှင်သန်နေမှသာ မိမိ၏တပည့်များမှာလည်း ရှင်သန်နေသည့် တပည့်များ၊ ဆရာကောင်း၏ တပည့်ကောင်းများအဖြစ် ပေါ်ထွက်လာမှာဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲက မကြာသေးမီကာလကပင် မိမိတို့နိုင်ငံသားများရဲ့ ပညာရည်စွမ်းအား (Intellectual Power) မြှင့်တင်ပေးရမှာဖြစ်ကြောင်း၊ ယင်းသို့မြှင့်တင်ပေးနိုင်ရန်အတွက် ပညာရေးကို စနစ်တကျ ကောင်းအောင် လုပ်ကြရမှာဖြစ်ကြောင်း။

နိုင်ငံသားများရဲ့ Intellectual Power မြင့်မားပြီး အမှားအမှန်ကို ဦးနှောက်နှင့် ခွဲခြားစဉ်းစားတတ်မှသာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်းစသည်ဖြင့် နိုင်ငံသားတို့၏ ပညာရည်မြင့်မားရေး လိုအပ်ချက်ကို အလေးပေးလမ်းညွှန်ခဲ့ကြောင်း။

ကလေးအားလုံးကျောင်းနေကြပြီ

ယနေ့ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်ကို လူထုလှုပ်ရှားမှုပုံစံဖြင့် တက်တက်ကြွကြွ တစ်နှစ်ပြီးတစ်နှစ် ပူးပေါင်း အကောင်အထည်ဖော်လာနိုင်သည့်အတွက် ၁၉၉၉-၂၀၀၀ခုနှစ်တွင် အသက် ငါးနှစ်အရွယ်ကလေးများ၏ သူငယ်တန်းကျောင်းနေမှုသည် ၉၁ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၉၆ဒသမ၅၆ ရာခိုင်နှုန်းအထိ မြင့်မားတိုးတက်လာနေပြီဖြစ်သည့်အတွက် ကျောင်းနှင့်အလှမ်းကွာဝေးနေသော မိသားစုများ၏ ကလေးအချို့မှအပ ကျန်ကလေးအားလုံး ကျောင်းနေကြပြီဟု တွက်ချက်ယူ၍ ရနေပြီဖြစ်ကြောင်း။

တစ်ဖက်မှလည်း နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းမှာလည်း ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၉၃ ဒသမ ၃ ရာခိုင်နှုန်းခန့်အထိ မြင့်မားတိုးတက်လာသည့်အတွက် စာတတ်မြောက်မှုနှုန်းအရရော ကျောင်းနေအရွယ်ကလေးများ ကျောင်းနေသည့်နှုန်းအရပါ မြန်မာနိုင်ငံသည် အာရှဒေသတွင် အဆင့်မြင့်နိုင်ငံ စာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီဖြစ်ကြောင်း။

ဆက်လက်ပြီး ကျောင်းနေလျက်ရှိသောကလေးများ ကျောင်းနေမြဲရန်၊ အနည်းဆုံးမူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေရန်ဆိုသည့် ရည်မှန်းချက်များကို ဆရာ ဆရာမများက ဥစ္စာရင်လို ဥစ္စာရင်ခဲ ကမကထ ပြုလုပ်ပြီး ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ဤအချိန်နှုန်းဖြင့်ပင် အလယ်တန်းပညာကို ဆက်လက်သင်ကြားရာတွင် လက်လှမ်းတစ်မီ သင်ယူနိုင်သော မူလတန်းလွန်ကျောင်းများ၏ ပေါင်းကူးဆက်နိုင်မှုကြောင့် အလယ်တန်းပညာပြီးဆုံးပြီး အထက်တန်းပညာကို ဆက်လက်သင်ကြားမှုနှုန်းများသည် မြင့်မားလာမှာဖြစ်ကြောင်း။

အခြားနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်ရေး

ဤနေရာ၌ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများပူးပေါင်းပြီး အခြေခံပညာကျောင်းများ၌ တပ်ဆင်ထားသည့် ခေတ်မီမာလ်တီမီဒီယာ အီလက်ထရွန်နစ်ပစ္စည်းများကို အစွမ်းကုန် အပြည့်အဝအသုံးချရန်ကိစ္စကို ရှင်းလင်းမှာကြားလိုကြောင်း၊ ယနေ့ မိမိတို့နိုင်ငံ၏ အခြေအနေအရ အခြားဖွံ့ဖြိုး

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် ဆောက်လုပ်ခဲ့သည့် အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တိုးတက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သောဘဝကို ရောက်ရန်အတွက် သူများခြေတစ်လှမ်းလှမ်းလျှင် မိမိက လေးငါးဆယ်လှမ်း လှမ်းရမှာဖြစ်ကြောင်း။

ဤအခြေအနေမျိုး၌ အလျင်အမြန်တိုးတက်နေသည့် နည်းပညာရပ်များကိုရော၊ လူ့စွမ်းအားအရင်းအမြစ်များကိုပါ အပြည့်အဝအသုံးပြုသွားရမှာဖြစ်ကြောင်း၊ မိမိတို့မှာရှိသည့် ဆရာအင်အား၊ ရှိသည့်စာသင်ခန်း၊ သင်ထောက်ကူ မာလ်တီမီဒီယာခေတ်မီပစ္စည်းစသည့် အရင်းအမြစ် အားလုံးကို အပြည့်အဝသုံးစွဲပြီး အနာဂတ်အတွက် ပညာတတ်များကို မွေးထုတ်ကြရမှာဖြစ်ကြောင်း။

အဆင့်မြင့်ပညာတိုးချဲ့

အခြေခံပညာကျောင်းများတွင်ရှိသည့် ကက်ဆက်၊ ဗီဒီယို၊ တီဗွီ၊ ကွန်ပျူတာစသည့် အဆင့်မြင့်နည်းပညာပစ္စည်းများကို သုံးစွဲခြင်းအားဖြင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးပြကြီးများမှ နာမည်ကြီးဆရာကောင်းများ၏ ပို့ချမှုများကို ကျေးလက်ဒေသမှ ကျောင်းသားများက သင်ယူနိုင်မှာဖြစ်ကြောင်း၊ နားလည်ကျွမ်းကျင်သည်အထိ အချိန်တိုအတွင်းတွင် အကြိမ်ကြိမ်မျက်စိအရ၊ နားအရသင်ကြားနိုင်သည့်အခြေအနေမျိုးဖြစ်ကြောင်း၊ ဤမာလ်တီမီဒီယာပစ္စည်းများကို အသုံးပြုပြီးတပည့်များက လွယ်လင့်တကူ သင်ယူနိုင်သကဲ့သို့ ဆရာများကလည်း မိမိတို့၏အသိပညာတိုးတက်ရေး၊ လိုအပ်သောအဆင့်မြင့်ပညာရပ်များ တိုးချဲ့သင်ယူရေးတို့ကို လက်လှမ်းတစ်မီ လေ့လာနိုင်မှာဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဆရာ ဆရာမများအနေဖြင့် ယခုသင်တန်းကာလအတွင်း၌ ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်နှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်အောင် တိုင်းပြည်

မကွေးတိုင်း ပေါက်မြို့နယ်၌ ဖွင့်လှစ်ပေးထားသော ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အကျိုး၊ ဒေသအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် လိုအပ်သော အသိအမြင်များ၊ အတွေးအခေါ်များ ခံယူပွားများနိုင်ပါစေဟု မှာကြားလိုကြောင်းဖြင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၁၅၁၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ငါးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အနာဂတ်အတွက် ပညာတတ်များမွေးထုတ်

- ❒ ယနေ့ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး စီမံချက်ကို လူထုလှုပ်ရှားမှုပုံစံဖြင့် တက်တက်ကြွကြွ တစ်နှစ်ပြီး တစ်နှစ် ပူးပေါင်း အကောင်အထည်ဖော်လာနိုင်သည့်အတွက် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းအထိ မြင့်မားတိုးတက်လာနေပြီ၊
- ❒ တစ်ဖက်မှလည်း နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းမှာလည်း ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၉၃ ဒသမ ၃ ရာခိုင်နှုန်းခန့်အထိ မြင့်မားတိုးတက်လာသည့်အတွက် စာတတ်မြောက်မှုနှုန်း အရရော ကျောင်းနေအရွယ်ကလေးများ ကျောင်းနေသည့်နှုန်း အရပါ မြန်မာနိုင်ငံသည် အာရှဒေသတွင် အဆင့်မြင့်နိုင်ငံ စာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီ၊
- ❒ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများပူးပေါင်းပြီး အခြေခံပညာကျောင်းများ၌ တပ်ဆင်ထားသည့် ခေတ်မီမာလ်တီမီဒီယာ အီလက်ထရွန်နစ်ပစ္စည်းများကို အစွမ်းကုန် အပြည့်အဝအသုံးချ။ ယနေ့ မိမိတို့နိုင်ငံ၏အခြေအနေအရ အခြားဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သောဘဝကို ရောက်ရန်အတွက် သူများခြေတစ်လှမ်းလှမ်းလျှင် မိမိက လေးငါးဆယ်လှမ်း လှမ်းရမှာဖြစ်၊
- ❒ မိမိတို့မှာရှိသည့် ဆရာအင်အား၊ ရှိသည့်စာသင်ခန်း၊ သင်ထောက်ကူ မာလ်တီမီဒီယာခေတ်မီပစ္စည်းစသည့် အရင်းအမြစ်အားလုံးကို အပြည့်အဝသုံးစွဲပြီး အနာဂတ်အတွက် ပညာတတ်များကို မွေးထုတ်ကြရမည်။

ပြောမယုံ ကြုံဖူးမှ

မသက်ဆွေ (သရက်)

ဩော်-လူငယ်မှသည် လူငယ်ဆီသို့ဆိုတဲ့ အစီအစဉ်တွေ ပါလား။ ကျွန်မတို့ အရွယ်ငယ်စဉ်ခါက ဒီလိုကိစ္စတွေ မရှိခဲ့ပါ။ လူကြီးမိဘတွေရဲ့ တစ်ဖက်သတ် ဆိုဆုံးမမှုတွေနဲ့သာ ကြီးပြင်းခဲ့ကြရပါသည်။ လူကြီးနဲ့ လူငယ်ဆိုတာက များသောအားဖြင့် ခံစားချက်ချင်းမတူ၊ အယူအဆချင်းမတူ၊ ဆုံးဖြတ်ချက်ချင်း မတူ။ လူငယ်အပေါ်ချစ်သော လူကြီး၏ အချစ်သည် တစ်ခါတစ်ရံ ထိုလူငယ်အတွက် ဆုံးရှုံးမှုဖြစ်စေတတ်ပါသည်။

လူကြီးများ ဆိုဆုံးမမှုကို ချုပ်ချယ်သည်ဟု ယူဆသော လူငယ်များရှိသည်။ မကောင်းမြစ်ထား၊ ကောင်းရာညွှန်ပြတာပဲလို့ ခံယူပြီး လိုက်လျောညီထွေနေသော လူငယ်များလည်းရှိသည်။ စေတနာကို သေချာသိ၍ လိမ္မာ သည့် လူငယ်များရှိကြသည်။ တချို့လူငယ်များလည်း မိဘတွေ၏ မာနပြိုင်ပွဲ၊ ဗိုလ်လုပွဲတွေမှာ မြေစာပင် ဖြစ်ကြရသည်။ ကံဆိုးစွာနှင့် ပတ်ဝန်းကျင်အညံ့စားမှာ အမှားတွေနှင့် ရင်ဆိုင်နေကြရသော လူငယ်တွေလည်း ဒုနှင့်ဒေးပါပဲ။

လိမ္မာသည့် လူငယ်၊ မိုက်သည့်လူငယ်၊ ကောင်းသည့် လူငယ်၊ ဆိုးသည့်လူငယ်၊ ဆင်းရဲချမ်းသာမရွေး လူငယ်အားလုံးအတွက် လိုအပ်ချက်သည် လူကြီးတွေ၏ ဆိုဆုံးမမှုတွေအပြင်၊ လူငယ်လူရွယ်ချင်း အကျိုးရှိစွာ ဆွေးနွေးမှု၊ နွေးထွေးမှုများ အလွန်လိုအပ်သည်။ လူငယ်လေးတွေ ဘယ်အသက်အရွယ်မှာ ခန္ဓာကိုယ်ဖွံ့စည်းမှုပြောင်းပုံ၊ စိတ်ဓာတ်လည်း ဘယ်အချိန်တွေမှာ ဘယ်လို လှုပ်ရှားတတ်ပုံတွေကို အခြေခံပြီး သိသင့်သိထိုက်သည်များကို သိသင့်ကြသည်။ ကျွန်မတို့ ခေတ်ကာလက ပြည့်ဝစွာမသိခဲ့ကြပါ။ သို့သော် ယခုတော့ ကံကောင်းထောက်မ၍ သိခွင့်ရှိလာကြပြီ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၁၉၉၈ခုနှစ်မှစ၍ လူငယ်လူရွယ် အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ အထက်တန်းကျောင်းသူ ကျောင်းသားများကို ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

၁၉၉၉ ခုနှစ်တွင် ကျောင်းပြင်ပမှ လူငယ်လူရွယ်များ၊ အထူးသဖြင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၊ သက်မွေးပညာ သင်တန်း တက်ရောက်နေသူများကိုလည်း ဟောပြောခဲ့သည်။

ပထမဆုံးအကြိမ် လူငယ်လူရွယ်ပညာပေး လေ့ကျင့်ရေးစခန်းကိုလည်း ၂၀၀၀ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ရန်ကုန်နှင့်မန္တလေးမြို့များမှ လူငယ်လူရွယ် ၄၀ကို လေ့ကျင့်ပညာပေးခဲ့သည်။ အဆိုပါ ပညာပေးလေ့ကျင့်စခန်းဖွင့်ပွဲကို အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့် မိန့်ခွန်းမြွက်ကြားခဲ့သည်။

> **လူငယ်အချင်းချင်း ပေါင်းသင်းဆက်ဆံရေးတွေ တိုးတက်လာပြီးတော့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ လိုက်လျောညီထွေ နေတတ်လာအောင် လူငယ်ရိပ်မြုံက လူငယ်လူရွယ်များအတွက် ဆောင်ရွက်ပေးမှာဖြစ်သည်။ တစ်ဘဝလုံးအတွက် အန္တရာယ်ကင်းစွာ နေတတ်ထိုင်တတ်အောင် ပြုပြင်ညှိနှိုင်းပေးမည့် အဆိုပါ လူငယ်ရိပ်မြုံက လူငယ်လူရွယ်များအတွက် အိမ်ကလူကြီးမိဘတွေ စိတ်မပူရတော့သည်မှာ သေချာသည်။**

စခန်းဆင်းလူငယ်များသည်လည်း မိမိတို့သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများတွင် ဆင့်ပွားပြုလုပ်သည့်လေ့ကျင့်ရေး စခန်းများတွင် လူငယ် အကျိုးဆောင်များအဖြစ် ဆောင်ရွက်ကြသည်။ လူငယ်လူရွယ်ဆင့်ပွား ပညာပေး လေ့ကျင့်ရေး စခန်းများကို ပြည်နယ်နှင့်တိုင်းများ အသီးသီးတွင် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ်အထိ အကြိမ်(၆၀) ပြုလုပ်ခဲ့ပြီး လူငယ် ၂၃၀၅ဦးကို လေ့ကျင့်ပေးခဲ့သည်။

၂၀၀၀ပြည့်နှစ်အတွင်း အသင်းဝင်လူငယ်များ၏ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်မှုကြောင့် ASEAN Youth Award for Community Services ဆုရရှိခဲ့သည်။

၂၀၀၃မှ၂၀၀၅ခုနှစ်အထိ ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်ရေးစီမံချက်ကို ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ်မေလ ၂၂ရက်နေ့၌ UNFPA, IPPF, MMCWA, MSI တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆယ်ကျော်သက်မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကိုလည်း မြန်မာနိုင်ငံ တစ်နံတစ်လျား ကျယ်ပြန့်စွာ ကျင်းပခဲ့သည်။ မန္တလေးမြို့နှင့် ရန်ကုန်မြို့ကြီးများကို အခြေခံပြု၍ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ အသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆရာဆရာမများနှင့် မိဘကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

လူငယ်လူရွယ်များအတွက် ပညာပေးလေ့ကျင့်ရေး စခန်းများ ဖွင့်လှစ်ပေးခြင်းမှ အစပြု၍ ၂၀၀၃ခုနှစ် ဩဂုတ်လတွင် လူငယ်ရိပ်မြုံ (Youth Center) ကို စတင်ဖွင့်လှစ် လိုက်သည်။ ဤရိပ်မြုံ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် များမှာ လူငယ်လူရွယ်များ မှန်ကန်တိကျသော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်ဖြစ်သည်။

ဤလူငယ်ရိပ်မြုံသည် အသင်းတစ်ခုအနေဖြင့် ရပ်တည်လျက်ရှိသောကြောင့် အသက် ၁၀နှစ်ကျော်မှ ၂၄နှစ်အထိ မည်သူမဆို အသင်းဝင်ခွင့်ရှိသည်။ ယခုဆိုလျှင် အသင်းဝင်ပေါင်း ၅၄၀၀ကျော်ခန့်ရှိပြီဖြစ်သည်။

၂၀၀၃ခုနှစ်အတွင်း လူငယ်ရိပ်မြုံ ၁၀ခု ဖွင့်လှစ်ပြီးဖြစ်သည်။ ၎င်းတို့မှာ ရန်ကုန်နှစ်ခု၊ မန္တလေးနှစ်ခု၊ စစ်ကိုင်းတိုင်း မုံရွာ နှစ်ခု၊ ဧရာဝတီတိုင်း ပုသိမ်နှစ်ခု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ နှစ်ခုဖြစ်သည်။

၂၀၀၄ခုနှစ်တွင် ရိပ်မြုံနှစ်ခု ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။ ၎င်းတို့မှာ မွန်ပြည်နယ် မော်လမြိုင် တစ်ခု၊ ဖားအောက်စံပြကျေးရွာတစ်ခုဖြစ်သည်။ ၂၀၀၄ခုနှစ်အတွင်းမှာ ထပ်မံ၍ လေးခုဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

ဤလူငယ်ရိပ်မြုံသည် လူငယ်လူရွယ်များအတွက် မျိုးဆက်ပွားကျန်းမာရေး အသိပညာများပေးမည်။ ကျန်းမာရေးနှင့် လူမှုရေးပြဿနာများအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများလည်း ပေးမည်။ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ပစ္စည်းတွေလည်း ထောက်ပံ့မည်။ အထွေထွေ ဗဟုသုတတွေလည်း ရစေမည်။ လူငယ်ရိပ်မြုံမှာ အန္တရာယ်ကင်းစွာနှင့် ပျော်ရွှင်စေရမည်။အပန်းပြေစေရမည်။ အထူးအစီအစဉ်တွေအနေနှင့်ကတော့ လေ့လာရေး ခရီးစဉ်လေးတွေ၊ လူငယ်လူရွယ်အချင်းချင်း တွေ့ဆုံပြီး အသိချင်းဖလှယ်မှုလေးတွေလည်းရှိမည်။ အခြားပျော်ပွဲရွှင်ပွဲ အစီအစဉ်လေးတွေ ပြပွဲပြိုင်ပွဲလေးတွေဖြင့် လူငယ်ရိပ်မြုံမှ လူငယ်လူရွယ်များကို လက်ကမ်းကြိုဆိုလျက်ရှိသည်။

လူငယ်အချင်းချင်း ပေါင်းသင်းဆက်ဆံရေးတွေ တိုးတက်လာပြီးတော့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ လိုက်လျောညီထွေ နေတတ်လာအောင် လူငယ်ရိပ်မြုံက လူငယ်လူရွယ်များအတွက် ဆောင်ရွက်ပေးမှာဖြစ်သည်။ တစ်ဘဝလုံးအတွက် အန္တရာယ်ကင်းစွာ နေတတ်ထိုင်တတ်အောင် ပြုပြင်ညှိနှိုင်းပေးမည့် အဆိုပါ လူငယ်ရိပ်မြုံက လူငယ်လူရွယ်များအတွက် အိမ်ကလူကြီးမိဘတွေ စိတ်မပူရတော့သည်မှာ သေချာသည်။

ကျွန်မတို့ငယ်စဉ်က ဒီလိုမျိုးတွေမရှိခဲ့ပါ။ ယနေ့ လူငယ်များသည် ရရှိသည့် အခွင့်အရေးကို လက်လွတ်မခံသင့်။ အခြေအနေအရပ်ရပ်ကို ဆင်ခြင်၍ မိမိ ဘာလုပ်သင့်သည်ကို သိရန်လိုအပ်လာသည်။ လူငယ်ရိပ်မြုံများတွင် တစ်လ တစ်လပျမ်းမျှ လူငယ်လူရွယ် ၆၀၀၀ခန့် လာရောက်ပြီး အချိန်ကို အကျိုးရှိစွာ အသုံးပြုလျက်ရှိနေကြပြီ။

၁၉၉၈ခုနှစ်တွင် စတင်ခဲ့သော မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လူငယ်လူရွယ်များအတွက် အစီအစဉ်သည် သစ်စေ့လေးပျိုးလိုက်သည်နှင့်တူသည်။ ယခုတော့ အကိုင်းအခက် အလက်အရွက် အဖူးအညွှန့်လေးများ ဝေဆာလို့နေပြီ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(MMCWA) နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူဦးရေနေ့ ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် ICPD+10 အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲ (Youth Forum) ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုနားဟိုတယ်တွင် ဩဂုတ် ၂၃ရက်နှင့် ၂၄ရက်က ကျင်းပခဲ့သည်။

ဤဆွေးနွေးပွဲသို့ Red Cross, MWCAF (Girls+Child)၊ဆရာဝန်အသင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး စီမံကိန်း၊ စီမံချက်များမှ Youth Informatic, MSI နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စသည်တို့မှ လူငယ်လူရွယ်များ တက်ရောက်ခဲ့ကြသည်။ အဓိကကျသည်မှာ တိုင်းနှင့် ပြည်နယ် အားလုံးမှ Youth Camp ဝင်ပြီး လူငယ်များ၊ Youth Centre များမှ လူငယ်များဖြစ်သည်။ အားလုံး ၅၂ ဦး ဖြစ်သည်။

ယင်းလူငယ်၅၂ယောက်ကို အုပ်စုလေးခုခွဲပြီး ဆွေးနွေးစေသည်။ ပထမနေ့တွင် ပြုလုပ်သော ထိုသီးသန့် ဆွေးနွေးချက်များကို အဖွဲ့လေးခုမှ လူငယ် ၁၂ဦးတက်လာပြီး စုပေါင်းဆွေးနွေးကြသည်။ ထိုစုပေါင်း ဆွေးနွေးချက်များပေါ်မှာ မူတည်ပြီးမှ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်၊ ပြင်ဆင်ချက်၊ ရှေ့လျှောက်လုပ်ရမည့်တာဝန် စသည်ဖြင့် ပွင့်လင်းစွာ ဆွေးနွေးပြောဆိုကြသည်။ ဝိုင်းဝန်းညှိနှိုင်းကြသည်။ ရိုးသားစွာ၊ ပွင့်လင်းစွာ၊ ရင်းနှီးစွာဆွေးနွေးကြသည်။

အကယ်၍ ကျွန်မကိုယ်တိုင် ထိုဆွေးနွေးပွဲမှာ မရှိခဲ့ဘူးဆိုပါလျှင်။ သို့သော် ကျွန်မကိုယ်တိုင် ကြားသိခဲ့ရသမျှဖြစ်တယ်။ ပြောသံတွေသာ ကြားရုံနှင့်ကတော့ မြန်မာနိုင်ငံက လူငယ်လူရွယ်များကို ဒီမျှလောက် ဖြစ်ထွန်းနေမှန်းတောင် သိမှာမဟုတ်ပါ။ ယခုတော့ ကိုယ်တွေ့ကြုံခဲ့ပါပြီ။

ဩော်-ပြောမယုံ ကြုံဖူးမှ သိရပြီပေါ့။ အားလုံးသိစေချင်ပါသည်။ အထူးသဖြင့် ကျွန်မတို့ ချစ်မြတ်နိုးရပါသော လူငယ်လူရွယ်လေးများကို သိစေချင်ပါသည်။ ။

အပြောင်းအလဲဇာတ်ကား ရုံသုံးရုံတွင် ဆက်လက်ပြသလာမည့်သောကြာ ပင်လယ်မင်းသားရုံတင်မည်

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသနေသည့် အပြောင်းအလဲဇာတ်ကားမှ လွင်မိုးနှင့် စိုးမြတ်နန္ဒာ။



ဇာတ်လမ်းနှင့် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသော ပင်လယ်မင်းသား ဇာတ်ကားမှ လွင်မိုးနှင့် ရာဇာနေဝင်း။

ရန်ကုန် စက်တင်ဘာ ၂

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြဆဲကားများသာ ဆက်လက်ပြသနေသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **‘အပြောင်းအလဲ’** ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

နဝဒေးနှင့် ရှေ့ဆောင်ရုံတွင် **‘ပြုံးနေရင်သတိထား’** ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် Troy ဇာတ်ကား ပြသလျက်ရှိသည်။

နှလုံးသားဒဏ်ရာ

မြို့မရုံတွင် ဆန်နီဒိုးလ်ကိုယ်တိုင် ပါဝင်သရုပ်ဆောင် ရိုက်ကူးသော Dillagi **‘နှလုံးသား ဒဏ်ရာ’** ဇာတ်ကား ရုံဝင်လာသည်။ ညီကို အလွန်ချစ်သော ဟိုတယ်လုပ်ငန်းပိုင်ရှင်နှင့် အပျော်အပါးနှင့် ရည်းစားများသော တက္ကသိုလ်ကျောင်းသား ရှေ့ကီတို့ကြားတွင် တက္ကသိုလ်ကျောင်းသူ မိန်းမချောလေး ဝင်ရောက်လာသောအခါ နှလုံးသားဒဏ်ရာ ကိုယ်စီရလာသော မေတ္တာဘွဲ့ ဇာတ်ကားဖြစ်သည်။

ခိုးယူခြင်းခံရသော ထိပ်တန်း လျှို့ဝှက် စစ်လက်နက် ပြန်ရရေးအတွက် ထောင်ပြေးတစ်ဦးကို ကိုးနာရီအကြာတွင် ပေါက်ကွဲစေမည့် အဆိပ်ဗုံးတပ်

ရုပ်ရှင်သတင်းထောက်

ဆင်ပေးပြီး တာဝန်ပေးစေလွှတ်ရာ ကိုးနာရီအတွင်း လျှို့ဝှက်စစ်လက်နက် ပြန်ရနိုင် မရနိုင် အဖြေရှာရမည့် Escape From L.A အက်ရှင်ဇာတ်ကား ရွှေဂုန်ရုံတွင်ပြသလျက်ရှိသည်။

ဘုရင်ရုံတွင် မှန်ကန်ဖြောင့်မတ်သော ရဲအရာရှိက ရာဇဝတ်မှုတစ်ခုတွင် အပေးအယူလက်မခံဘဲ အမှန်တရားအတိုင်း တာဝန်ဝတ္တရား ဆောင်ရွက်လိုက်သောအခါ ရာဇဝတ်ဂိုဏ်းသားများက အငြိုးထားပြီး အကောက်ကြံပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော အက်ရှင်ဇာတ်ကား Hul Chul ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် Ajay Devghan နှင့် Kajolတို့ ခေါင်းဆောင် ပါဝင်ထားသည်။

ပင်လယ်မင်းသားရုံတင်မည်

ဇာတ်လမ်းနှင့် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ **‘ပင်လယ်မင်းသား’** ဇာတ်ကား လာမည့် သောကြာပတ်တွင် ရုံဝင်လာမည် ဖြစ်သည်။ ပင်လယ်မင်းသားတွင် လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ၊ အေးဝတ်ရည်သောင်းနှင့် နှင်းဝတ်ရည်သောင်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ပင်လယ်ကမ်းခြေတွင် လွတ်လွတ်လပ်လပ်အခြေချလိုသော ခေတ်ပညာတတ် လူငယ်နှစ်ဦး လန်ပိကျွန်းဘက်ရောက်လာသောအခါ နှလုံးရောဂါသည် သူဌေးသမီးလေးနှင့် လုပ်ငန်းရှင်အပျိုကြီးမမတို့အား အမှတ်မထင်တွေ့ဆုံမိရာမှ **‘ပင်လယ်မင်းသား’** ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာသည်။ ပင်လယ်မင်းသားသည် လန်ပိကမ်းခြေအလှနှင့် မိန်းမလှလေးသုံးဦးတို့၏ အချစ်ဇာတ်လမ်းကို လွမ်းမောဖွယ် ဆွတ်ပျံ့ဖွယ် ရိုက်ကူးထားသော မေတ္တာဘွဲ့ဇာတ်ကား ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Dussadee Sinchirmsiri ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်၍ ဂါရဝပြု တွေ့ဆုံသည်။(ယာပုံ)

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးကြသည်။

(သတင်းစဉ်)

မေတ္တာအခါတော်နေ့ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားတွင် နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်းက ကြီးမှူး၍ (၁၂)ကြိမ်မြောက် မေတ္တာအခါတော်နေ့တွင် (၅၂၈)ကြိမ် အသံမစဲ ရွတ်ဆိုပူဇော်ပွဲကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၄ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

မေတ္တာပို့ဂါထာများနှင့် မေတ္တာပို့ မေတ္တာဘာဝနာစီးဖြန်းကြပြီး လယ်တီမဟာသရဏဂုံတော်ကြီးကို ပူဇော်ပြီးနောက် မေတ္တာပရိတ်ရေစင် ရေသန့်ဘူး ၅၀၀ကျော်နှင့် ငှက်ကလေးများ၊ ငါးကလေးများကို ဘေးမဲ့လွှတ်၍ ဇီဝိတဒါနအလှူတော် ကျင်းပကြသည်။

(က-ပ)

ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းလှူဒါန်းလိုသောစေတနာရှင်များလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်း သော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး ၁၀ပါးကို ဆုမတောင်းပဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်အခြေခံစက်မှုထုတ်ကုန်များအရည်အသွေးမြင့်မားရေး သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်မှာကြား

ရန်ကုန် စက်တင်ဘာ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နေ့လယ်ပိုင်းတွင် လှိုင်သာယာစက်မှုဇုန်ရှိ သစ်အခြေခံစက်မှုလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရွှေဦးစွာ လှိုင်သာယာစက်မှုဇုန်ရှိ ဟောမန်ကုမ္ပဏီလီမိတက် အလုပ်ရုံသို့ ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ တာဝန်ခံဦးထွန်းထွန်းဦးက စက်ရုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ စက်ရုံမှ Finger Joint ကြမ်းခင်းများ ပြုလုပ်၍ ဂျပန်နိုင်ငံ ဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

ဆက်လက်၍ ခိုင်ဆုသူကုမ္ပဏီ၏ အလုပ်ရုံသို့ ရောက်ရှိလာရာ တာဝန်ခံ ဦးမျိုးခင်က သစ်လုံးများ စတင် ခွဲစိတ်ခြင်း၊ ပတ်လွှများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း၊ စက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသသည်။ အဆိုပါစက်ရုံမှ ကျွန်းခွဲသားများ၊ Board, Decking, Scantling ခွဲသားများ ခွဲစိတ်၍ ဥရောပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ မကြာမီ Finger Joint များ ပြုလုပ်၍ ပြည်ပဈေးကွက်သို့ ဆက်လက်တင်ပို့သွားမည်ဖြစ်သည်။

တင်ပို့

ထို့နောက် Teak Farm ကုမ္ပဏီလီမိတက်၏ သစ်အချောထည် အလုပ်ရုံသို့ ရောက်ရှိရာ တာဝန်ခံ ဦးဇော်မျိုးကျော်က စက်ရုံအတွင်း လိုက်လံ ရှင်းလင်းပြသသည်။ ဝန်ကြီးနှင့်အဖွဲ့သည် ပရိဘောဂအစိတ်အပိုင်းများပြုလုပ်မှု အဆင့်ဆင့်၊ ထုတ်လုပ်ပြီး ပစ္စည်းများ ထုပ်ပိုးနေမှု၊ ပြည်ပပို့ရန် အသင့်ဖြစ်နေသော ပစ္စည်းများထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(ဝဲအောက်ပုံ)**အဆိုပါ စက်ရုံမှ ဥယျာဉ်သုံးနှင့် ရေချိုးခန်းသုံး ကျွန်းပရိဘောဂများ ထုတ်လုပ်ပြီး ဥရောပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

ရှင်းလင်းမှာကြား

ဝန်ကြီးသည် သစ်အခြေခံစက်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ရေး၊ ပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေးအတွက် ပိုမိုတီထွင် ကြံဆရေးတို့နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် အမှတ် (၃၈) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားများ ပေါင်ချိန်ခြင်း၊ ပေတိုင်းခြင်း၊ အာဟာရကျွေးမွေးခြင်းတို့ကို ဩဂုတ် ၂၇ရက်က ပြုလုပ်ရာ အမှတ် ၅၈၃ စိတ္တသုခလမ်း ၁၆/၄ နေ အလှူရှင် ဦးညဏ်လွင်-ဒေါ်နီလာလွင် မိသားစုက သကြားသာကူ အာဟာရ တိုက်ကျွေးစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၃-၉-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၇း၅၅ ၇။ အတီးပြိုင်ပွဲ
- ၈း၁၀ ၈။ ကြေးမုံရိပ်သွင် တေးနယဉ်
- ၈း၂၀ ၉။ ဂမုန်းရေလှောင်တမံ
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ English for Everyday Use.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading.
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒအထူးပြုအားလုံး) (ရုက္ခဗေဒ)
- ၁၇း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၃၀ ၇။ အကပြိုင်ပွဲ
- ၁၇း၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇း၅၅ ၉။ တေးဂီတအစီအစဉ်
- ၁၈း၀၅ ၁၀။ Discovery.
- ၁၈း၁၅ ၁၁။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ်(အသည်းအစားထိုးကုသခြင်း)အပိုင်း-၁
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၈)
- ၁၉း၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၁၉း၄၅ ၁၆။ ရိက္ခာစပါးဟင်းလျာငါးတွဲဖက်မွေးထားပြည့်ကျိုးများ
- ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ချစ်ခြင်းတရား၏ဆန္ဒအတိုင်း"** ပိုင်ဇေရဲထွန်း၊ မျိုးသန္တာထွန်း၊ လှအဥ္ဇလီတင့် (အပိုင်း-၂) (ဒါရိုက်တာ-ဇော်မြင့်ဦး)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ပုသိမ်မြို့ လူငယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်သည် ဩဂုတ် ၂၇ ရက်တွင် ပုသိမ်မြို့နယ် ကိုးဆူစံပြကျေးရွာအုပ်စု မူလတန်းလွန်ကျောင်း၌ ကျင်းပသော လူငယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်းနှင့် လူငယ့်ရိပ်မြုံတာဝန်ခံ ဒေါ်ခိုင်ခိုင်စောတို့က ထူးချွန်သော လူငယ်ဘောလုံးအားကစားသမား ပေါ်ထွက်လာရေး၊ လူငယ့်ရိပ်မြုံဖွင့်လှစ်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်၍ စာရိတ္တနှင့် အရည်အသွေးမြင့်မားသည့် လူငယ်များ ပျိုးထောင်ပေးရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသောအသင်းများအား ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်တွင် ပါဝင်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက်ဖြင့် ရည်မှန်းချက်ထားပြီး ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို အောင်မြင်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တိုက်တွန်း

အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသုံးနိုင်သည့်ဓလေ့ထွန်းကားလာစေရန်၊ ကလေးသူငယ်များအား အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးသည့် ဓလေ့ထွန်းကားလာစေရန်အတွက် အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအာဟာရရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားဆုများချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏မြို့နယ်အလိုက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုပြကွက်များကိုလည်းကောင်း၊ အိုင်အိုဒင်းဆားအရည်အသွေး စမ်းသပ်ပြသမှုကိုလည်းကောင်း၊ အချက်အပြုတ်ပြိုင်ပွဲဝင် မြို့နယ်များမှ အာဟာရပြည့်ဝသည့်အစားအစာများ ချက်ပြုတ်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးပြားတိုက်ကျွေးကာ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဝေငှပေးအပ်သည်။

ပံ့ပိုးကူညီ

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ ပံ့ပိုးကူညီခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆင့်မြင့်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြင့်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးမောင်ကြေးက လေယာဉ်ရပ်နားနေရာတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ မြေပေါ် ရေမြောင်းနှင့် မြေအောက်ရေမြောင်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေနှင့် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးအတွက် ဘိုးပိုင်ရိုက်ခြင်း လုပ်ငန်းများပြီးစီးမှုအခြေအနေ၊ Basement Slab နှင့် Ground Floor Slab ကွန်ကရစ်လောင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရာတွင် လေဆိပ်လုပ်ငန်းများ မထိခိုက်စေဘဲ အဆင့်ဆင့်ဆောင်ရွက်မည့် အစီအမံများ၊ ပစ္စည်းစုပေါင်းရရှိထားမှုအခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စီမံကိန်းကာလအတွင်း လုပ်ငန်းများစံချိန်စံညွှန်းအမီ ပြီးစီးဆောင်ရွက်ကြရေး၊ တာဝန်ရှိသူများက မကြာခဏစစ်ဆေးမှုများ ပြုလုပ်ကြရေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လေယာဉ်ရပ်နားနေရာ တည်ဆောက်နေမှု၊ အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ Boarding Bridge တပ်ဆင်မည့် နေရာအနေအထားကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုရန် ဝယ်ယူရောက်ရှိနေသော လူစီးမော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ရာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Pham Quang Khon နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် Yangon Kart Speedway ကွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ ညနေ ၃နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ၌ Torque and Power Motors Limited က တည်ဆောက်လျက်ရှိသော Yangon Kart Speedway ကွင်းကို ကြည့်ရှုစစ်ဆေးပြီး Club House, Workshop, Kart Track နှင့် Pit ဧရိယာ တို့ကို ကြည့်ရှုစစ်ဆေးရာ Torque and Power Motors Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာရဲနိုင်ဝင်းက ရှင်းလင်းတင်ပြသည်။

အဆိုပါ Yangon Kart Speedway ကွင်း တည်ဆောက်မှုလုပ်ငန်းသည် ကိုးဆယ်ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးထစ်ချုန်းရွာဖွယ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် Torque and Power Motors Limited က တည်ဆောက်လျက်ရှိသော Yangon Kart Speedway ကွင်းတွင် မောင်းနှင်မည့် ကားများကို ကြည့်ရှုစဉ်။

(အား/ကာ)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁-၉-၂၀၀၄ မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား
ဗီတာမင်အေဆေးလုံးတိုက်ပါ။
အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန။

မြန်မာ-ဟောင်ကောင်ချစ်ကြည်ရေး ခြေစမ်းပွဲတတိယပွဲစဉ် ဘဏ္ဍာ/အခွန်အသင်းနှင့် ကစ်ချီ ကလပ်တစ်ဂိုးစီသရေကျ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာ-ဟောင်ကောင်ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ဟောင်ကောင်ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ဟောင်ကောင်ကစ်ချီ အသင်းသည် ပထမပွဲစဉ်၌ အဖွဲ့ချုပ်ညွှန့်ပေါင်းလက်ရွေးစင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဒုတိယပွဲစဉ်၌ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့ရာ ယနေ့ပွဲစဉ်၌ သရေပွဲဖြစ်သွား၍ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်သည်။ ကစ်ချီကလပ်အသင်းသည် ယနေ့ပွဲစဉ်၌လည်း ဦးဆောင်ဂိုးသွင်းယူနိုင်သဖြင့် သုံးပွဲစလုံး ဦးဆောင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ကြိုးစားကစား

၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုရရှိထားသောဘဏ္ဍာ/အခွန်အသင်းသည် ကစ်ချီ ကလပ်အသင်းကို အနိုင်ရရှိရေး ပွဲအစအဆုံး အထူးကြိုးစားကစားသော်လည်း သေချာပေါက် ဂိုးရနိုင်သည့် အခွင့်အရေးများကို ပိုင်နိုင်စွာ အသုံးမချနိုင်၍ သရေနှင့်ကျေနပ်လိုက်ရသည်။ ယနေ့ပွဲစဉ်ကို ပွဲကြည့်ပရိသတ် များပြားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ရာသီဥတု ကောင်းမွန်ပြီး နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားခဲ့ကြ၍ အကြိတ်အနယ် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ဦးဆောင်ဂိုး

ပွဲစသည်နှင့် ဘဏ္ဍာ/အခွန်အသင်းက တိုက်စစ်ဖွင့်ကစားရာ ကစ်ချီကလပ်အသင်းကိုကွင်းတစ်ဝက်စီးထားနိုင်သည်။ ဘဏ္ဍာ/အခွန်အသင်းကလျင်လျင်မြန်မြန်အပေးအယူလုပ်ကစားပြီးကစားကွက်ဖော်နိုင်ခဲ့ရာ ကစ်ချီကလပ်အသင်းက အတင်းဝင်အတင်းဖျက်ခပ်ကြမ်းကြမ်းတုံ့ပြန်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းပွဲအစပိုင်းခြေသာပြီး အဆက်မပြတ်ထိုးဖောက်ကစားရာထောင့်ကန်ဘောလေးကြိမ် ရရှိခဲ့သည်။

ကစ်ချီကလပ်အသင်းသည် ယခင်ကစားပြီးနှစ်ပွဲ၌ ခပ်မှန်မှန် ခပ်လေးလေး ကစားခဲ့သော်လည်း ယနေ့ပွဲစဉ်၌ တစ်ဖက်အသင်း၏ အနေအထားကိုကြည့်ကာ အင်အားသုံးပြီး ခြေကုန်ထုတ်ကစားသွားသည်။ နှစ်သင်းစလုံးဘောလုံး ထိန်း၍မရအောင် အတင်းဝင် အတင်းထွက် ကစားရာ ပြစ်ဒဏ်ဘောများ မကြာခဏ ပေးခဲ့ရသည်။

မြေမကျဘော

ကစ်ချီ ကလပ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၃ မိနစ် တွင် ရရှိခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်း၏ ဘယ်ကြောမှ ဂိုးရှေ့သို့ ခါးပြတ်ဘောကန်ပို့ပေးလိုက်ရာ နောက်တန်းလူများက ဘောလုံးကို ရှင်းမထုတ်နိုင်ဘဲဖြစ်နေစဉ် ယူဂိုဆလားဗီးယားလူမျိုးကြေးစားဘောလုံးသမား ကျောနံပါတ် (၂၁)Jancula Martin က မြေမကျကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ချေပဂိုး

ဘဏ္ဍာ/အခွန် အသင်းက ဂိုးပေးလိုက်ရပြီးနောက် ချက်ချင်းဆိုသလိုတိုက်စစ်ဆင်ကစားရာ တစ်မိနစ်အကြာမှာပင် ချေပဂိုးရရှိခဲ့သည်။ ပွဲချိန် ၁၄ မိနစ်တွင် တိုက်စစ်မှူး ကျော်သူရ ဘောလုံးရရှိသွားပြီး ဂိုးရှေ့သို့ ဖြတ်ထိုးပေးရာ ကစ်ချီ ကလပ် ဂိုးသမားပိတ်ဆို့သော်လည်း လွတ် ထွက်သွားစဉ် အလယ်တန်းလူ အောင်ကျော်မိုးက ပြေးဝင်ပိတ်သွင်းယူခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေဖြစ်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ကျော်သူရအစား ကျော်ကျော်စိုးအား လူစားလဲလိုက်ရာ တိုက်စစ်အား သိသိသာသာကျဆင်းသွားသည်။ ကစ်ချီကလပ်အသင်းက လူစားသုံးဦးလဲကစားပြီးနောက် ကစားကွက်ဖိလာပြီး ဘဏ္ဍာအခွန်အသင်းဘက်သို့ ပြန်လည်ထိုးဖောက်ကစားခဲ့သည်။ ပွဲချိန် မိနစ် ၆၀တွင် ကစ်ချီကလပ်အသင်းမှ အဖွင့်ဂိုးသွင်းယူပေးသူ ကျောနံပါတ် ၂၁ Jancula Martin က ပယ်နယ်တီဧရိယာအတွင်းမှ အပိုင်ကန်သွင်းရာ ဂိုးတိုင်ဘေးမှ ကပ်ထွက်သွား၍ ဘဏ္ဍာ/အခွန်အသင်း သက်သာသွားခဲ့သည်။

ဘဏ္ဍာ/အခွန် အသင်းသည် အောင်ဟိန်းလတ်အစား စိုးလင်းထွန်း၊ ရန်ပိုင်အစား အောင်လင်းထွန်း၊ ထွန်းထွန်းဝင်းအစား ဝင်းအောင်တို့ကို လူစားလဲပြီး ကစားအားမြှင့်တင်သော်လည်း ထူးခြားမလာခဲ့ပေ။ ဒုတိယပိုင်းမိနစ် ၂၀နောက်ပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်း ကစားအားကျဆင်းလာ၍ ကစားကွက်ပင် မဖော်နိုင်ဘဲဖြစ်သွားသည်။ ကစ်ချီ ကလပ်အသင်းက မျိုးလှိုင်ဝင်း ကန်ခွင့်မရအောင် အဆင့်ဆင့် ဖျက်ထုတ်ကစားသွားသည်။ လက်ရွေးစင်ဟောင်း မျိုးလှိုင်ဝင်းသည် ပထမပိုင်း၌ တစ်ကွင်းလုံး လိုက်ကစားခဲ့ရသဖြင့် ဒုတိယပိုင်း၌ သက်လုံကျဆင်းသွားသည်။ လူစားဝင်လာသော ဝင်းအောင်က အမြင့်ဘောများမှ တစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားသော်လည်း ကစ်ချီကလပ်အသင်း နောက်တန်းလူများက အရပ်မြင့်မားပြီး ခေါင်းတိုက်ခွင့်မရအောင် လူကပ်ကစားသွား၍ ထင်သလို ဖြစ်မလာခဲ့ပေ။

ဘဏ္ဍာ/အခွန်အသင်းသည် ပထမပိုင်း၌ ရရှိသော အခွင့်အရေးများကို ဂိုးဝင်အောင်သွင်းနိုင်ခဲ့လျှင်အနိုင်ရမည်ဖြစ်သော်လည်း ဂိုးမဝင်ခဲ့၍ဒုတိယပိုင်း၌ ကစားအားတင်နိုင်ခြင်းမရှိတော့ဘဲ သရေဖြင့်သာ ကျေနပ်လိုက်ရသည်။

(မြန်မာ့အလင်း)

မြန်မာ-ဟောင်ကောင်ချစ်ကြည်ရေး တတိယပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်မကစားမီ အသင်းခေါင်းဆောင်များ အသင်းအလံငယ်လဲလှယ်ကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားဘောလုံးပွဲ တောင်အာဖရိကနိုင်ငံ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရ

ဂျိုဟန်နစ္စဘက် စက်တင်ဘာ ၂

တောင်အာဖရိက နိုင်ငံသည် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရပြီးနောက် ဖီဖာ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် တောင်အာဖရိကသို့ ပထမဆုံးသွားရောက်လည်ပတ်မှုသည် ပြီးဆုံးသွားပြီဖြစ်သည်။

အဆိုပါ ဖီဖာကိုယ်စားလှယ်အဖွဲ့သည် အင်္ဂါနေ့က တောင်အာဖရိကနိုင်ငံမှ မထွက်ခွာမီ ဥပဒေဆိုင်ရာအကြောင်းအရာများနှင့်အမျိုးမျိုးသော နည်းပညာဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း ဖီဖာမှ တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

တောင်အာဖရိက နိုင်ငံသည် မော်ရိုကိုနှင့် အီဂျစ်တို့မှ ကမ္ဘာ့ဖလားကျင်းပခွင့် လျှောက်ထားချိန်တွင် ၂၀၁၀ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အာရှ (ယူ-၁၇) လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာဒိုင်လူကြီး တာဝန်ထမ်းဆောင်မည်

ရန်ကုန် စက်တင်ဘာ ၂

ဂျပန်နိုင်ငံ ရှီဇူအိုကာမြို့၌ စက်တင်ဘာ ၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် အာရှ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ တာဝန် ထမ်းဆောင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ လက်ထောက် ဒိုင်လူကြီး ဦးလှမြင့်လတ် **(အပေါ်ပုံ)** သည် ဩဂုတ် ၃၁ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

၂၀၀၄ ခုနှစ် အာရှ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စု(က)၌ အိမ်ရှင် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ထိုင်း၊ အုပ်စု(ခ)၌ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ လာအိုနှင့် အိုမန်၊ အုပ်စု(ဂ)၌ အိန္ဒိယ၊ မလေးရှား၊ ကူဝိတ်နှင့် အီရန်၊ အုပ်စု(ဃ)၌ ဥဇဘက်ကစ္စတန်၊ အီရတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ကာတာတို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူလိုက်သော ဝိန်းရူနီ(ယာ)သည် မန်ချက်စတာအသင်း၏ကွင်း အိုးထရက်ဖို့ဒ်၌ မန်နေဂျာဆာအလက်စ်ဖာဂူဆန်နှင့် သူ၏ဂျာစီအင်္ကျီအသစ်ကို ကိုင်ဆောင် ပြခဲ့ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်တိုက်စစ်မှူးလေး ဝိန်းရူနီ အဲဗာတန်မှမန်ယူသို့ ရောက်ရှိသွားပြီ

လန်ဒန် စက်တင်ဘာ ၂

အင်္ဂလန် တိုက်စစ်မှူး ဝိန်းရူနီသည် အဲဗာတန်အသင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ရှေးဦးဆေးစစ်မှုများပြုလုပ်ရန် အင်္ဂါနေ့က ရောက်ရှိလာသည်။

ဝိန်းရူနီ၏မန်ချက်စတာယူနိုက်တက်အသင်းနှင့် စာချုပ်မှုသည် ဥရောပတွင် အကြီးမားဆုံးသော ဘောလုံးသမားအပြောင်းအရွှေ့စာချုပ်ဖြစ်ခဲ့သည်။ အသက် ၁၈ နှစ်အရွယ်ရှိ အဆိုပါ ဘောလုံးသမားသည် ယူရို ၂၀၀၄ ပွဲစဉ်တစ်လျှောက် လေးဂိုးသွင်းပေးခဲ့သူဖြစ်သည်။

ဝိန်းရူနီအား မန်ချက်စတာယူနိုက်တက်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၂၇သန်း လစာတစ်ပတ်ပေါင် ၅၀၀၀၀ဖြင့် ခြောက်နှစ်စာချုပ်လိုက်ပြီဖြစ်သည်။

"မန်ချက်စတာယူနိုက်တက်အသင်းသည် မိမိပြောင်းရွှေ့ချင်ဆုံးသောအသင်းဖြစ်ကြောင်း၊ စိတ်ဝင်စားမှုအရှိဆုံးသောအသင်းလည်းဖြစ်ကြောင်း" တိုက်စစ်မှူး ဝိန်းရူနီက ပြောကြားသည်။

အဆိုပါ ပြောင်းရွှေ့မှုသည် ရွှေ့ပြောင်းကြေး၊ ကလပ်အသင်းကြေးနှင့် အင်္ဂလန်အသင်းကြေးတို့ အပါအဝင် စုစုပေါင်း ပေါင်သန်း ၃၀ တန်ဖိုးရှိစာချုပ်ဖြစ်သည်။

"မန်ချက်စတာယူနိုက်တက်တွင် လစ်လပ်နေသော လက်မှတ်တစ်နေရာသည် မိမိအတွက်ဖြစ်ကြောင်း၊ ထိုအသင်းသို့ ရောက်ရှိခဲ့ပြီဖြစ်၍ အလွန်စိတ်လှုပ်ရှားခဲ့မိကြောင်း၊ ယင်းကိစ္စသည် မယုံကြည်နိုင်လောက်အောင်ဖြစ်ရကြောင်း" ရူနီက ဆက်လက်ပြောကြားသည်။

ရူနီသည် နှစ်ပတ်၊ သုံးပတ်အကြာတွင် ဘောလုံးပြန်ကစားနိုင်မည်ဟု မိမိယုံကြည်ကြောင်း မန်ယူမန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်ကပြောကြားသည်။

ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် အဲဗာတန်မှ မန်ယူသို့ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း၊ အဲဗာတန်လူငယ်အကယ်ဒမီကလပ်မှ ရောက်ရှိလာပြီးနောက် မိမိအတွက် ပထမဆုံးပရိသတ်ရှေ့မှောက်သို့ ပို့ဆောင်ပေးခဲ့သည့်အသင်းဖြစ်ကြောင်း ရူနီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

စီးရီးအေကလပ် လာဇီယိုအသင်း ဘောလုံးသမားကိုးဦးတစ်ပြိုင်တည်းခေါ်ယူ

မီလန် စက်တင်ဘာ ၂

စီးရီးအေကလပ် လာဇီယိုအသင်းသည် တောင်အမေရိက ဘောလုံးသမားလေးဦး အပါအဝင် ဘောလုံးသမားကိုးဦးကို အင်္ဂါနေ့က တစ်ပြိုင်တည်းစာချုပ်ခေါ်ယူလိုက်ပြီဖြစ်သည်။

တိုက်စစ်မှူး ကွန်မာဆိုရှော့ချီသည် ပါးမားမှ ဆီဘတ်စတီယန်နိုနှင့်အတူ အမ်ပိုလီမှ ပြောင်းရွှေ့ခဲ့သည်။ ဩစတြေးလျမှ အန်သော်နီဆီးရစ်သည် ဟဲလတ်ဗာရိုးနားမှ ရောက်ရှိလာသည်။

ကွင်းလယ်ကစားသမား အက်စတီဗင်ဂွန်ဇာလက်နှင့် ဘေယန်ရောဘတ်တို့သည် ရိုဆာရီယိုအလယ်ပိုင်းမှ နောက်တန်းလူဂျို့စ်လီယိုနာဒိုတာလာမိုနီနှင့်အတူ အာဂျင်တီးနားကလပ်အသင်းဖြစ်သော ဂျင်နာစီယာလာ ပလတ်တာမှ ပြောင်းရွှေ့လာကြသည်။ ဗင်နီဇွဲလားကွင်းလယ်ကစားသမား မီဂယ်အိန်ဂျယ်ဗီယာသည် ကာရာကတ်မှ ပြောင်းရွှေ့လာသည့် ဘောလုံးသမားအသစ်ဖြစ်သည်။

လာဇီယိုအသင်းသည် ငွေကြေးပြဿနာများကိုဖြေရှင်းရန် ဘောလုံးရာသီကုန်ဆုံးချိန်တွင် အဓိကဘောလုံးသမားအချို့ကို ရောင်းချရန် ကြိုးစားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒွါဒသမကြိမ်(၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်က ရန်ကင်းမြို့နယ် ပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ခရိုင်တံခွန်စိုက်ဆုရရှိသော မြောက်ဥက္ကလာပမြို့နယ်အား ဆုချီးမြှင့်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်း လက်ခံယူစဉ်။ (၄၀၀)

ဘဒ္ဒန္တ သောမဗုဒ္ဓိအရှင်မြတ် ပြည်ပသာသနာပြုခရီးထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိမြို့ရှိ သုန္ဒရာရာမ ဗြဟ္မဝိဟာရကျောင်း၌ သီတင်းသုံးတော်မူ၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောမ ဗုဒ္ဓိအရှင်သူမြတ်သည် ဆရာတော်ဦးဩသ(ဓမ္မာစရိယ)လိုက်ပါလျက် ရန်ကုန်မြို့မှ ဩဂုတ် ၂၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ **(က-ပ)**



ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာ့ပိုက်ကျော်ခြင်းအားကစားနည်းအဆင့်အတန်း တိုးတက်မြင့်မားရေးဆိုင်ရာ အမှုဆောင်များ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် (ဥက္ကဋ္ဌ၊ ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်)နှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေး၌ ၂၀၀၄ ခုနှစ် စက်တင်ဘာ နောက်ဆုံးပတ်တွင် မလေးရှားနိုင်ငံ ပီနန်မြို့၌ ကျင်းပမည့် World Sepaktakraw Championship (Men events) ပြိုင်ပွဲသို့ မြန်မာအမျိုးသား ပိုက်ကျော်ခြင်း အသင်းပါဝင်ယှဉ်ပြိုင်ရေး၊ စက်တင်ဘာ နောက်ဆုံးပတ်တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဝေဟိုင်းမြို့၌ ကျင်းပမည့် Weihai International Fashion Ball Game ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာအမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်ရေး ကိစ္စရပ်များနှင့် (၁၀)ကြိမ်မြောက် ပြည်နယ်၊တိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ စက်တင်ဘာ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပရေးတို့ကို ဆွေးနွေးဆုံးဖြတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက်တွင် သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဖုံး(က) အုပ်စု ပါဆာရေဆိပ် မဲခေါင်မြစ်ကမ်းအနီး၌ မသင်္ကာဖွယ် တွေ့ရှိရသူ အိုက်နန်အား စစ်ဆေးရာဖွေရာ ၎င်းပိုင် ခေါက်ဆွဲသေတ္တာအတွင်းမှ စက္ကူနှင့်ထုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့နယ် မိုင်းဖုံး(က) အုပ်စုနေ ဦးပူတစ်၏သား အိုက်နန်အား တာချီလိတ်မြို့နယ် ဝမ်ပုံ ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁၀/၂၀၀၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၁အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမီးငယ် ဖူးရွှေရည်ဝင်း(ဖွေးဖွေး)အတွက် မွေးနေ့ဆုမွန်

သမီးငယ် ဖူးရွှေရည်ဝင်း (Grade 11,E) အထက-၂၊ စမ်းချောင်း ၃-၉-၂၀၀၄ ရက်မှာ ကျရောက်တဲ့ သမီးငယ်ရဲ့ မွေးနေ့မင်္ဂလာရက်မြတ်မှသည် ဘဝခရီးတစ်လျှောက်လုံး ဖေဖေ၊ မေမေတို့ရဲ့ နွေးထွေးတဲ့ မိသားစုမေတ္တာရိပ်အောက်မှာ ပျော်ရွှင်ကြည်နူး ချမ်းမြေ့နိုင်ပါစေ။

ဖေဖေ – ဝေမိုင်းညို (စာရေးဆရာ၊ဒါရိုက်တာ)
မေမေ – ဒေါ်လှဲ့လှဲ့ဝင်း
မမ – လှဲ့ရွှေစင်(ရွှေရွှေ)
1st Year, Japanese(U.F.L)
မကြီး – ဇာခြည်မင်းမင်း(ပုံ့ပုံ့)
F&B Secretary
(Grand Plaza Park Royal Hotel)

တရားဝင်နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မချိုမာလွင် ၁၂/အလန (နိုင်) ၀၄၅၀၄၄ နှင့် မောင်စိုးဝင်းနိုင် ၁၂/အလန (နိုင်) ၀၀၈၃၆၂ တို့သည် ၁၂-၈-၂၀၀၄ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

မချိုမာလွင်
တိုက် ၃၄၊အခန်း(၃)၊အောင်ဇေယျတိုက်၊အလုံ။



နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်း

- ❖ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **‘ဒါနသဟာယ’**မည်၏။
- ❖ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **‘ဒါနသာမိ’**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ် ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် **“မဟာဇေယျ အတုလမာရဇိန်”** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်တွင် ရေစက်ချဖွင့်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကြီးကို ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိသာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူ ပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဥဏှိတော်	–	၂၄ ပေ၊ ၉ လက်မ
ပလ္လင်တော်	–	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ပိဿာ ဖြစ်ပါသည်။

ရွှေကိုလှူလျှင်	**ရွှေဆင်းသွင်သို့**
ဘဝပင်မခြား	**တူအကျိုးပွား၏**
ဘူမိဖဿ	**မုဒြာမြတ်ကို**
မပြတ်သန့်စင်	**ရောင်ဝါလွင်သော**
ရွှေစင်သင်္ကန်း	**ဒါနပန်းဖြင့်**
လှူဒါန်းပူဇော်	**နိဗ္ဗာန်မျှော်လျက်**
နှိုးဆော်သတင်း	**ပေးဝေနှင်းသည်**
ကောင်းခြင်းဖြာဖြာ	**ပြည့်စေသော . . .**

(၁)	ရွှေဆိုင်းဌာန	–	ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂)	ရွှေအရည်အသွေး	–	ရွှေစင် ၉၉ရာခိုင်နှုန်း
(၃)	ကပ်လှူပူဇော်ချိန်	–	နေ့စဉ် နံနက် ၆နာရီ မှ ညနေ ၆နာရီအထိ
(၄)	ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၆၈၁။

ရွှေတိဂုံစေတီတော်
ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီ

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ စက်တင်ဘာ ၁၄ ရက်၌ စတင်မည် မန်ယူနှင့်အာဆင်နယ်တို့ အုပ်စုအနေအထားကောင်းမွန်

ကိုထွေး

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၆ ခုနှစ် ဂျာမနီနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ဥရောပဇုန် ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၄ ရက်တွင် ဥရောပတစ်လွှား၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံအသီးသီးရှိ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲများကို ရပ်နားထားသည်။ ယခုလာမည့် စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် အင်္ဂလန်ပရီမီးယားလိဂ်ပွဲစဉ်များ မရှိဘဲ စက်တင်ဘာ ၁၁ရက်နှင့် ၁၂ရက်တို့တွင် ပြန်လည် ကျင်းပမည်ဖြစ်သည်။ အင်္ဂလန်ပရီမီးယားလိဂ်ပွဲစဉ်များ ရပ်နားထားခိုက် မြန်မာ့အလင်း အားကစားပရိသတ်များအား ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များနှင့် မိတ်ဆက်တင်ပြလိုက်ပါသည်။

တတိယအဆင့်ခြေစစ်ပွဲ

ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲစဉ်များကို ကျင်းပခဲ့ရာ ဩဂုတ် ၂၅ ရက်တွင် ဒုတိယအကျော့ပွဲစဉ်များ ပြီးဆုံးခဲ့သည်။ တတိယအဆင့် ခြေစစ်ပွဲစဉ်များအပြီးတွင် အသင်းကြီးများအားလုံး ခြေစစ်ပွဲအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီး အုပ်စုအဆင့်သို့ တက်လှမ်းလာခဲ့ကြသည်။ ခြေစစ်ပွဲအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့သော အသင်းများမှာ နော်ဝေမှ ရိုဇင်ဘော့၊ ဘယ်လ်ဂျီယံမှ အန်ဒါလက်ချ်၊ ပြင်သစ်မှ မိုနာကို၊ စပိန်မှ ဒီပို့တီဗိုနှင့် ရီးရဲမက်ဒရစ်၊ အီတလီမှ အင်တာမီလန်နှင့်ဂျူဗင်းတပ်၊ အင်္ဂလန်မှ လီဗာပူးနှင့် မန်ချက်စတာယူနိုက်တက်၊ အစ္စရေးမှ မက္ကာဘီတဲလ်အဗစ်၊ ယူကရိန်းမှဒိုင်နမိုကီယက်ဗ်နှင့် ရှက်တာဒိုးနက်စ်၊ ဟော်လန်မှ ပီအက်စ်ဗွီ၊ ဂျာမနီမှ လေဗာကူဆင်၊ ရုရှားမှ CSKA မော်စကို၊ ချက်မှ စပါတာပရာဟာတို့ ဖြစ်ကြသည်။

ရှိရာ အုပ်စုအဆင့်မှ ကျော်နိုင်ရန် ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သည်။လက်ရှိချန်ပီယံ ပေါ်တို၊ဗလင်စီယာ၊အာဆင်နယ်၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်နှင့် ဒီပို့တီဗိုတို့ အုပ်စုဦးစားပေး အဆင့် သတ်မှတ်ခြင်းခံခဲ့ကြရသည်။

တိုက်ရိုက်ပါဝင်ခွင့်ရရှိ

ခြေစစ်ပွဲစဉ်များ ကစားရန်မလိုဘဲ အုပ်စုအဆင့်မှ တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သော အသင်းများမှာ အင်္ဂလန်မှ အာဆင်နယ်နှင့်ချယ်လ်ဆီး၊ တူရကီမှ ဖီနာဘာချီ၊ ဂျာမနီမှဘိုင်ယန်မြူးနစ်နှင့်ဝါဒါဘရီမင်၊ ပေါ်တူဂီမှ ပေါ်တို၊ စပိန်မှဗလင်စီယာနှင့် ဘာစီလိုနာ၊ အီတလီမှရိုးမားနှင့် အေစီမီလန်၊ ဂရိမှ ပါနာသီနာကို့စ်နှင့်အိုလံပီယာကို့စ်၊ ပြင်သစ်မှ လိုင်ယွန်နှင့်ပီအက်စ်ဂျီ၊ ဟော်လန်မှ အေဂျက်စ်တို့ ဖြစ်ကြသည်။

ချန်ပီယံလိဂ် အုပ်စုအဆင့်၌ ၃၂ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အင်္ဂလန်၊ စပိန်နှင့်အီတလီမှ လေးသင်းစီ ပါဝင်၍ အရေအတွက်အများဆုံးပင် ဖြစ်သည်။ ဂျာမနီမှ သုံးသင်း၊ ပြင်သစ်မှသုံးသင်း၊ ဂရိမှနှစ်သင်း၊ ယူကရိန်းမှ နှစ်သင်း၊ ဟော်လန်မှနှစ်သင်းပါဝင်ကြပြီး စကော့တလန်၊ အစ္စရေး၊ နော်ဝေ၊ ပေါ်တူဂီ၊ ရုရှား၊ ဘယ်လ်ဂျီယံ၊ တူရကီနှင့်ချက်မှတစ်သင်းစီ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်ရေးဆွဲ

၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ပထမအဆင့် အုပ်စုပွဲစဉ် ရေးဆွဲခြင်းအခမ်းအနားကို ဩဂုတ်၂၆ရက်က ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင် ၃၂သင်းကို လေးသင်းစီပါဝင်သော အုပ်စုရှစ်ခုခွဲကာ အုပ်စုပတ်လည်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း အပြန်အလှန် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စုပွဲစဉ် ရေးဆွဲအပြီးတွင် ပေါ်ထွက်လာမှုအရ လက်ရှိချန်ပီယံပေါ်တိုနှင့်ချယ်လ်ဆီးတို့အုပ်စု(ဇ)၌တစ်အုပ်စုတည်းပါဝင်နေရာ ထူးထူးခြားခြား တိုက်ဆိုင်မှုပင်ဖြစ်သည်။ ယမန်နှစ် ချန်ပီယံ ပေါ်တိုအသင်း၏ နည်းပြမော်ရင်ဟိုသည် ယခုအခါ ချယ်လ်ဆီးနည်းပြအဖြစ် တာဝန်ယူလျက်ရှိရာ အုပ်စုအဆင့်၌ပင် ၎င်း၏ အသင်းဟောင်းနှင့် ပြန်လည် ရင်ဆိုင်ရမည်ဖြစ်သည်။ ယမန်နှစ်က ဒုတိယရရှိခဲ့သော မိုနာကိုနှင့် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သော ဒီပို့တီဗိုတို့ အုပ်စု(က)၌ အတူပါဝင်လာသည်။

အုပ်စုအနေအထားအရ အင်္ဂလန်မှ မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်တို့ အုပ်စုချောင်သည်ကို တွေ့ရသည်။ အီတလီမှ ရိုးမား၊ အင်တာမီလန်၊ဂျူဗင်းတပ်နှင့် အေစီမီလန်တို့ အုပ်စုကျပ်များအတွင်း ကျရောက်လျက်

အုပ်စု(က)

အုပ်စု(က)တွင် ဒီပို့တီဗို(စပိန်)၊ လီဗာပူး(အင်္ဂလန်)၊ မိုနာကို(ပြင်သစ်)နှင့် အိုလံပီယာကို့စ်(ဂရိ)တို့ ပါဝင်ကြသည်။ ဂရိမှ အိုလံပီယာကို့စ် တစ်သင်းသာလျှင် အုပ်စုအဆင့်မှ တိုက်ရိုက်ပါဝင်လာခြင်းဖြစ်ပြီး ကျန်သုံးသင်းမှာ ခြေစစ်ပွဲများ ကစားပြီးမှ ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ စပိန်မှ ဒီပို့တီဗိုသည် ခြေစစ်ပွဲအဆင့်၌ အိုင်ယာလန်မှ ရှဲလ်ဘုန်းနှင့် ကစားခဲ့ရသည်။ ပထမအကျော့ ရှဲလ်ဘုန်းကွင်း၌ ဂိုးမရှိသရေကျခဲ့ပြီး ဒုတိယအကျော့ အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ နှစ်ပွဲပေါင်း သုံးဂိုး-ဂိုးမရှိဖြင့် ဒီပို့တီဗို အနိုင် ရရှိခဲ့သည်။

အင်္ဂလန်မှ လီဗာပူးသည် ဩစတြီးယားမှ ဂရော့ဇ် AK နှင့် တတိယအဆင့်ခြေစစ်ပွဲ ကစားခဲ့ရသည်။ ပထမအကျော့ အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် လီဗာပူးက အနိုင်ရရှိပြီး ဒုတိယအကျော့ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ဂရော့ဇ်AKက အနိုင်ရရှိခဲ့သည်။ သို့သော် နှစ်ပွဲပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် လီဗာပူးက အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲ အောင်မြင်လာခြင်းဖြစ်သည်။

ယမန်နှစ်ဒုတိယရရှိခဲ့သော ပြင်သစ်မှ မိုနာကိုသည် ဆလိုဗေးနီးယားမှ ဂိုရီကာနှင့် ခြေစစ်ပွဲကစားခဲ့ရသည်။ မိုနာကိုသည် ပထမအကျော့အဝေးကွင်း၌ သုံးဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့ အိမ်ကွင်း၌ ခြောက်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲပေါင်း ကိုးဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိပြီး ခြေစစ်ပွဲအဆင့်ကို ကျော်ဖြတ်လာခဲ့ခြင်းဖြစ်သည်။ အုပ်စုအနေ အထားအရ ဒီပို့တီဗိုနှင့် မိုနာကိုတို့ အုပ်စုတက်ရန် အလားအလာကောင်းသည်ဟု တွက်ဆနိုင်သည်။

အုပ်စု(ခ)

အုပ်စု(ခ)တွင် ရီးရဲမက်ဒရစ်(စပိန်)၊ ရိုးမား(အီတလီ)၊ လေဗာကူဆင် (ဂျာမနီ)နှင့် ဒိုင်နမိုကီယက်ဗ် (ယူကရိန်း) တို့ပါဝင်ကြသည်။ ရိုးမားတစ်သင်းသာလျှင် တိုက်ရိုက်ပါဝင်ခွင့်ရရှိပြီး ကျန်သုံးသင်းမှာ ခြေစစ်ပွဲများကစားပြီးမှ ပါဝင်ခွင့်ရရှိခြင်း ဖြစ်သည်။

ရီးရဲမက်ဒရစ်သည် ပိုလန်မှ ဝစ္စလာကရာကောနှင့် ခြေစစ်ပွဲကစားခဲ့ရာ ပထမအကျော့ အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် နှစ်ပွဲစလုံးအနိုင်ရပြီး နှစ်ပွဲပေါင်း ငါးဂိုး-တစ်ဂိုးဖြင့် အနိုင် ရရှိခဲ့သည်။ လေဗာကူဆင်သည်ခြေစစ်ပွဲ၌ချက်မှ ဘားနစ် အော့စရာဗာနှင့်ကစားခဲ့ရာ ပထမအကျော့ အိမ်ကွင်း၌ ငါးဂိုး-ဂိုးမရှိ ဖြင့်နိုင်ပြီး ဒုတိယအကျော့အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ သို့သော် နှစ်ပွဲပေါင်း ခုနစ်ဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ယူကရိန်းမှ ဒိုင်နမိုကီယက်ဗ်သည် တူရကီမှ ထရာဇွန်စပေါနှင့် ခြေစစ်ပွဲကစားခဲ့ရာ ပထမအကျော့အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အဝေးကွင်း၌ ပြန်ကစားသောအခါ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နှစ်ပွဲပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အုပ်စုအဆင့်သို့တက်လှမ်းခဲ့ခြင်းဖြစ်သည်။ ယမန်နှစ် ပြိုင်ပွဲ၌ ပေါ်တိုကိုရှုံးကာ ချန်ပီယံဆု လက်လွှတ်ခဲ့ရသော ရီးရဲမက်ဒရစ်အသင်းသည်မိုနာကိုသို့ အငှားချထားသော မိုရီယင်တေးကို ပြန်လည် ခေါ်ယူထားပြီး လီဗာပူးမှမိုက်ကယ်အိုဝင်ကို ဝယ်ယူခဲ့သည်။ တိုက်စစ်အားကောင်းသကဲ့သို့ နည်းပြအပြောင်းအလဲ ပြုလုပ်ထား၍ ချန်ပီယံ ဆုဖလား ရနိုင်သည့် အသင်းများထဲတွင် ပါဝင်နေသည်။

အုပ်စု(ဂ)

အုပ်စု(ဂ)တွင်ဘိုင်ယန်မြူးနစ် (ဂျာမနီ)၊ ဂျူဗင်းတပ် (အီတလီ)၊ အေဂျက်စ်(ဟော်လန်) နှင့် မက္ကာဘီတဲလ်အဗစ် (အစ္စရေး)တို့ပါဝင်ကြသည်။ ဘိုင်ယန်မြူးနစ်နှင့် အေဂျက်စ်တို့တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရပြီး ဂျူဗင်းတပ်နှင့် မက္ကာဘီတဲလ်အဗစ်တို့ ခြေစစ်ပွဲကစားရသည်။

ခြေစစ်ပွဲစဉ်များတွင် ဂျူဗင်းတပ်က ဆွီဒင်မှ ဒီဂျာဂါဒင်းကို ပထမအကျော့ အိမ်ကွင်း၌ နှစ်ဂိုးစီသရေကစားပြီး ဒုတိယအကျော့ အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ နှစ်ပွဲပေါင်း ခြောက်ဂိုး-သုံးဂိုးဖြင့် အုပ်စုအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။ မက္ကာဘီတဲလ်အဗစ်က ဂရိမှ ပါအို့သက်ဆာလိုနီကာကို ပထမအကျော့ အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဒုတိယအကျော့အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ နှစ်ပွဲပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မက္ကာဘီတဲလ်အဗစ် အားအနည်းဆုံးဖြစ်၍ ကျန်သုံးသင်းအကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု (ဃ)

အုပ်စု (ဃ)၌ မန်ယူ (အင်္ဂလန်)၊ လိုင်ယွန်(ပြင်သစ်) စပါတာပရပ်ဂ်(ချက်)နှင့် ဖီနာဘာချီ (တူရကီ)တို့ပါဝင်ကြသည်။ လိုင်ယွန်နှင့် ဖီနာဘာချီတို့ တိုက်ရိုက်ပါဝင်ခွင့်ရပြီး မန်ယူနှင့် စပါတာပရပ်ဂ်တို့ ခြေစစ်ပွဲကစားခဲ့ရသည်။

ခြေစစ်ပွဲအဆင့်တွင် မန်ယူက ရိုမေးနီးယားမှ ဒိုင်နမိုဘူခါရက်ကို ပထမအကျော့အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုး၊ ဒုတိယအကျော့ အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲ စလုံး အနိုင်ရရှိခဲ့သည်။ စပါတာပရပ်ဂ်က ဟန်ဂေရီမှ ဖီရင့်ဗာရို့စ်နှင့် ကစားရာ ပထမအကျော့ အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သော်လည်း ဒုတိယအကျော့အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ကာ နှစ်ပွဲပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အုပ်စုအဆင့်သို့ တက်ရောက်ခြင်းဖြစ်သည်။

မန်ယူရှေ့တန်းတွင် ဝိန်းရူနီ ပါဝင်လာပြီဖြစ်ရာ တိုက်စစ်အား ထက်မြက်လာမည်ဖြစ်သည်။ မန်ယူအနေဖြင့် ပရီမီးယားလိဂ်တွင် အခြေမလှဖြစ်နေသော်လည်း ချန်ပီယံလိဂ်တွင် အုပ်စုအနေအထားကောင်းမွန်သဖြင့် အုပ်စုတက်ရန် အလားအလာကောင်းသည်။

အုပ်စု(င)

အုပ်စု (င)တွင် အာဆင်နယ် (အင်္ဂလန်)၊ ပါနာသီနေကို့စ်(ဂရိ)၊ ပီအက်စ်ဗွီ(ဟော်လန်)နှင့် ရိုဇင်ဘော့ (နော်ဝေ) တို့ပါဝင်ကြသည်။ ပရီမီးယားလိဂ် ချန်ပီယံအာဆင်နယ်နှင့် ပါနာသီနေကို့စ်တို့ တိုက်ရိုက်ပါဝင်ခွင့်ရပြီး ပီအက်စ်ဗွီနှင့် ရိုဇင်ဘော့တို့ခြေစစ်ပွဲအဆင့်မှ တက်လာခြင်းဖြစ်သည်။

ခြေစစ်ပွဲအဆင့်တွင် ပီအက်စ်ဗွီက ဆာဘီးယားမှ ရက်စတားဘဲလ်ဂရိတ်နှင့် ကစားခဲ့ရပြီး ပထမအကျော့ အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ သို့သော် ဒုတိယအကျော့အိမ်ကွင်း၌ ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ နှစ်ပွဲပေါင်း ရှစ်ဂိုး-သုံးဂိုးဖြင့် အုပ်စုအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။ ရိုဇင်ဘော့က အစ္စရေးမှ မက္ကာဘီဟိုင်ဖာနှင့် ကစားရာ ပထမအကျော့အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုး၊ ဒုတိယအကျော့အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ အုပ်စုအဆင့်သို့ တက်လှမ်းလာသည်။ ပရီမီးယားလိဂ်၌ ရှုံးပွဲမရှိဦးဆောင်နေသော အာဆင်နယ်အသင်း အုပ်စုအနေအထားကောင်းမွန်၍ အုပ်စုတက်ရန်ခက်ခဲလိမ့်မည် မဟုတ်ပေ။

အုပ်စု(စ)

အုပ်စု(စ)တွင် ဘာစီလိုနာ(စပိန်)၊ အေစီမီလန် (အီတလီ)၊ ဆဲလ်တစ် (စကော့တလန်)နှင့် ရှက်တာဒိုးနက်စ် (ယူကရိန်း)တို့ပါဝင်ကြသည်။ ဘာစီလိုနာ၊ အေစီမီလန်နှင့် ဆဲလ်တစ်တို့ တိုက်ရိုက်ပါဝင်ခွင့်ရပြီး ရှက်တာဒိုးနက်စ် ခြေစစ်ပွဲ ကစားခဲ့ရသည်။ ရှက်တာဒိုးနက်စ်သည် ဘယ်လ်ဂျီယံမှ ကလပ်ဘရူဂျက်နှင့် ခြေစစ်ပွဲကစားရာ ပထမအကျော့ အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဒုတိယအကျော့အဝေးကွင်း၌ နှစ်ဂိုးစီသရေကျကာ နှစ်ပွဲပေါင်းခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အီတလီ ချန်ပီယံအေစီမီလန်က အုပ်စုဖေးဘရိတ် ဖြစ်နေပြီး ဘာစီလိုနာနှင့် ဆဲလ်တစ်တို့အုပ်စုဒုတိယနေရာကို အပြိုင်လုရဖွယ်ရှိသည်။

အုပ်စု(ဆ)

အုပ်စု(ဆ)တွင် ဗလင်စီယာ(စပိန်)၊ အင်တာမီလန် (အီတလီ)၊ အန်ဒါလက်ချ်(ဘယ်လ်ဂျီယံ)နှင့် ဝါဒါဘရီမင် (ဂျာမနီ)တို့ပါဝင်ကြသည်။ ဗလင်စီယာနှင့် ဝါဒါဘရီမင်တို့ တိုက်ရိုက်ပါဝင်ခွင့်ရပြီး အင်တာမီလန်နှင့် အန်ဒါလက်ချ်တို့ ခြေစစ်ပွဲအဆင့်ကို ကျော်ဖြတ်ခဲ့ရသည်။

ခြေစစ်ပွဲများတွင် အင်တာမီလန်က ဆွစ်ဇာလန်မှ ဘေဆယ်ကို ပထမအကျော့ အဝေးကွင်း၌ တစ်ဂိုးစီ သရေကစားပြီး ဒုတိယအကျော့အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ပွဲပေါင်း ငါးဂိုး-နှစ်ဂိုးဖြင့် အုပ်စုအဆင့်သို့ တက်လာခြင်းဖြစ်သည်။ အန်ဒါလက်ချ်သည် ပေါ်တူဂီမှ ဘင်ဖီကာကို ပထမအကျော့အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးသော်လည်း ဒုတိယ အကျော့အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ နှစ်ပွဲပေါင်းသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျာမနီ ချန်ပီယံ ဝါဒါဘရီမင်၊ စပိန် ချန်ပီယံ ဗလင်စီယာတို့နှင့် အတူပါဝင်နေ၍ အင်တာမီလန် ကြိုးစားရန်းကန်ရမည်ဖြစ်သည်။

အုပ်စု(ဇ)

အုပ်စု(ဇ)တွင် လက်ရှိချန်ပီယံ ပေါ်တို(ပေါ်တူဂီ)၊ ချယ်လ်ဆီး(အင်္ဂလန်)၊ ပီအက်စ်ဂျီ(ပြင်သစ်)နှင့် CSKA မော်စကို(ရုရှား)တို့ ပါဝင်ကြသည်။ပေါ်တို၊ ချယ်လ်ဆီးနှင့် ပီအက်စ်ဂျီတို့ တိုက်ရိုက်ပါဝင်ခွင့်ရပြီး CSKAမော်စကိုက ခြေစစ်ပွဲကစားခဲ့ရသည်။ ခြေစစ်ပွဲစဉ်များတွင် CSKA မော်စကိုသည် ပထမအကျော့အိမ်ကွင်း၌ စကော့တလန်မှ ရိန်းဂျားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဒုတိယအကျော့ အဝေးကွင်း၌ တစ်ဂိုးစီ သရေကစားကာ နှစ်ပွဲပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုအဆင့်သို့ တက်လာခြင်း ဖြစ်သည်။ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေဖြင့် အသင်းဟောင်းပေါ်တိုအား မည်သို့ရင်ဆိုင်မည်ကို စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။

အဖွင့်ပွဲစဉ်

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပထမ အဆင့်အုပ်စုပွဲ စဉ်များ၏ အဖွင့်ပွဲစဉ်များကို စက်တင်ဘာ ၁၄ရက်နှင့်၁၅ရက်များတွင် ကျင်းပမည်ဖြစ်သည်။ စက်တင်ဘာ ၁၄ရက်တွင် အာဆင်နယ်နှင့် ပီအက်စ်ဗွီ၊ ပါနာသီနေကို့စ်နှင့် ရိုဇင်ဘော့၊ ဆဲလ်တစ်နှင့် ဘာစီလိုနာ၊ ရှက်တာဒိုး နက်စ်နှင့် အေစီမီလန်၊ အင်တာမီလန်နှင့် ဝါဒါဘရီမင်၊ ဗလင်စီယာနှင့် အန်ဒါလက်ချ်၊ ပေါ်တိုနှင့် CSKA မော်စကို၊ ပီအက်စ်ဂျီနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင် ကစားကြရမည်ဖြစ်သည်။

စက်တင်ဘာ ၁၅ ရက်တွင် ဒီပို့တီဗိုနှင့် အိုလံပီယာကို့စ်၊ လီဗာပူးနှင့် မိုနာကို၊ လေဗာကူဆင်နှင့် ရီးရဲမက်ဒရစ်၊ ရိုးမားနှင့် ဒိုင်နမိုကီယက်ဗ်၊ အေဂျက်စ်နှင့် ဂျူဗင်းတပ်၊ မက္ကာဘီတဲလ်အဗစ်နှင့် ဘိုင်ယန်မြူးနစ်၊ ဖီနာဘာချီနှင့် စပါတာပရပ်ဂ်၊ လိုင်ယွန်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

စမ်းချောင်းမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ ရက်က ကျောင်း ခန်းမ တွင်ကျင်းပရာ ကျောင်းအုပ် ဆရာကြီး ဦးအေးက သူငယ်တန်းမှ ပထမဆုရ မတိုးယမုံမြတ်နိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၉)

ဩဂုတ် ၂၇ ရက်က လမ်းမတော် မြို့နယ် အမှတ်(၃)ရပ်ကွက်တွင် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်နှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး ရွှေဒေါင်းစာကြည့်တိုက်ဖွင့် အလှူရှင်များ စာအုပ်မျိုးစုံ မတည်လှူဒါန်း

ဝက်လက် ဩဂုတ် ၂၅

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဩဂုတ် ၁၄ရက်က ဝက်လက်မြို့နယ် မကျီးတုံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကိုယ့်အားကိုယ်ကိုး ရွှေဒေါင်း စာကြည့်တိုက် ဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မကျီးတုံ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ယာပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်တည်တံ့ခိုင်မြဲရေးကို ပြောကြားပြီး စာကြည့်တိုက် လက်ထောက်(၃)ဒေါ်နန်းမြင့်ကစာကြည့်တိုက် စာအုပ်စာတမ်းများ ထိန်းသိမ်းစောင့်ရှောက်မှုကို ပြောကြားသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးသန်းအေး-ဒေါ်ခင်ဝင်းမော် မိသားစုက စာအုပ်မျိုးစုံ အုပ် ၃၀၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းက စာအုပ်မျိုးစုံ ၁၀ အုပ်၊ ဦးကျော်သိန်း မိသားစုက စာအုပ်မျိုးစုံအုပ် ၂၀၊ ကျေးရွာစာကြည့်တိုက်မှူး ဦးခင်မောင် မိသားစုက စာအုပ်မျိုးစုံ အုပ် ၂၀တို့ကို ရွှေဒေါင်းစာကြည့်တိုက်သို့ မတည်လှူဒါန်းကြသည်။ **(က-ပ)**

ဩဂုတ် ၂၅ ရက်က ပေါင်းတည် မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမြို့နယ်ဦးစီးဌာနမှူး ဦးမြင့်စိုး ဦးဆောင်သော ဝန်ထမ်းများက တောင် ဘို့လှ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းဦးစီးဌာနမှူး ဦးခင်ရွှေ ကြီးကြပ်ပေးစဉ်။ (ဝ၆၄)

စာတတ်သူတိုင်း

စာဖတ်ဖို့

စာကြည့်တိုက်များ

ထူထောင်စို့

လက်နှိပ်တုံကင်တပ် လက်တူးတွင်း ပြီးစီးမှု မြို့နယ်စည်ပင် အမှုဆောင်အရာရှိ စစ်ဆေး

တမူး ဩဂုတ် ၁၀

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဩဂုတ် ၃ ရက်က အင်ဒိုင်းကျေးရွာတွင် ငွေကျပ် ၃၀၄၅၀၀ အကုန်အကျခံ ဆောင်ရွက်ပြီးစီးသော လက်နှိပ်တုံကင်တပ် လက်တူးတွင်း အုတ်ရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသောင်းညွှန့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ကျေးရွာ လေးရွာတွင် လက်တူးတွင်းလေးတွင်းအား ငွေကျပ် ၁၃၃၅၀၀၀ အကုန်အကျ ခံဆောင်ရွက်ရန် လျာထားခဲ့ပြီး ကျေးရွာပေါင်း ၅၈ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တူးဖော်ပြီးစီးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

* **ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။**

* **ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကျေးလက်

သတင်းနှင့်

မြင်ကွင်း

မိုးစပါးပန်းတိုင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းပွဲကျင်းပ

အင်းတော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းတွင် မိုးစပါး ပန်းတိုင်အထွက်နှုန်းတစ်ဧက တင်း ၁၀၀ ထွက်ရှိရေးကို ဦးတည်ဆောင်ရွက်လျက် အင်းတော်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ် မန်နေဂျာ ဦးအောင်စိုး၊ ဒုကြီးကြပ်ရေးမှူး ဦးကျော်မြင့်နှင့် စခန်းတာဝန်ခံ ဦးတင်အောင်တို့သည် ဩဂုတ် ၁၂ ရက်က လယ်ပြင်အုပ်စု ကွင်းအမှတ် ၁၀၂၃ ဦးပိုင် ၃၀/၁ ဦးအောင်ပို၏ မျိုးယူဉ်ပြိုင် စမ်းသပ်ကွက်နှင့် မြို့ဝင် မိုးစပါး စံပြကွက်ဧက ၅၀ တွင် ဇီဝစူပါနှင့် ဟာကြူလီရွက်ဖျန်းမြေဩဇာများ ပက်ဖျန်းပွဲ ကျင်းပကြသည်။

အားပေး

အဆိုပါ ရွက်ဖျန်း မြေဩဇာ ပက်ဖျန်းပွဲသို့ ကသာခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်ရွှေနှင့် မြို့နယ်အတွင်းရေးမှူး ဦးသန်းမင်းတို့ ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးပြီး

အင်းတော်မြို့နယ်တွင် မိုးစပါး ၄၂၃၇၉ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ဧက ၄၁၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(၁၃၃)**

ဇူလိုင် ၃၁ ရက်က နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့ ဦးဆောင်သော ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ ပန်ဟိုက်ရပ်ကွက် နယ်မြေ(၉)ရှိ မြို့ရေပေးရေး ပင်မရေသိုလှောင်ကန်နှင့် ရေစစ်ကန်အတွင်း ရွှံ့နွံနှင့် အမှိုက်များဆယ်ယူခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၆-၉-၂၀၀၄ (တနင်္လာနေ့)

- ❑ Poly Functional Compound
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
  - Post War USA
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
  - Modern USA
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သမိုင်း အထူးပြု ကျောင်းသား ကျောင်းသူများ
  - Modern USA
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သမိုင်း အထူးပြု ကျောင်းသား ကျောင်းသူများ

၇-၉-၂၀၀၄ (အင်္ဂါနေ့)

- ❑ Introduction to South East Asia
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သမိုင်း အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Types of Reproduction Found In Paramecium
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သတ္တဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ OBELIA Comparison of Polyp and Medusa
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သတ္တဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Terrestrial Ecosystem of The World
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ရုက္ခဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Angiospermae
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ရုက္ခဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
  - Thallus Organization of Chlorophyta
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

၉-၉-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Definite Integral
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်စီးပွားရေးအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Analytic Function
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သင်္ချာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Complex Integrals
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သင်္ချာ အထူးပြု ကျောင်းသား ကျောင်းသူများ

၁၀-၉-၂၀၀၄ (သောကြာနေ့)

- ❑ Waves and Particles
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Light Waves
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Induced Electromotive Force
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ရူပဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ

၁၁-၉-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

သြဂုတ် ၅ ရက်က မိုးညှင်းမြို့နယ် သိမ်အင်း အမက နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် စာအုပ်စာပေ လှူ့မိတ်ဆွေခေါင်းစဉ်ဖြင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ဆွေးနွေးဟောပြောစဉ်။
(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ် ပျိုးခင်းသစ်စာကြည့်တိုက်ဖွင့်

ရွှေဘို သြဂုတ် ၂၃

ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာ ပျိုးခင်းသစ် စာကြည့်တိုက်ဖွင့်ပွဲကို သြဂုတ် ၁၁ ရက် မွန်းလွဲ ၂နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပျိုးခင်းသစ် စာကြည့်တိုက်ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဝေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်းက စာအုပ်မျိုးစုံ လှူဒါန်းပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်

အလားတူကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုမြောင်းကြီးကျေးရွာနှင့် ပဂိုးကုန်းကျေးရွာများတွင်လည်း ဖွင့်လှစ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**





တာချီလိတ်မြို့တွင်းလမ်းများရေစီးရေလာကောင်းမွန်ရေးအတွက် ဆန်ဆိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးဘေးဝဲယာရှိ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦး သန်း ဝင်း နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးလင်းမြင့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

စံပြစပါးစိုက်ကွင်း ငါးမျိုးစိုက်ထည့်

ချောင်းဆုံ သြဂုတ် ၂၂

ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သြဂုတ် ၁၁ ရက်က နတ်မော်ကျေးရွာ စံပြစပါးစိုက်ကွင်းတွင် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တာဝန်ရှိသူများက စပါးခင်းများအတွင်း ငါးခုံးမငါးသားပေါက်ကောင်ရေ သုံးသောင်းကို မြို့နယ်အတွင်း နတ်မော်ကျေးရွာအုပ်စုရှိ တောင်သူ ဦးထွန်းရီ လယ်အပါအဝင် စပါးစိုက်ခင်း ဧက ၅၀ အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များစုပေါင်း၍ မြို့ပေါ်ရှိ စာသင်တိုက်အပါအဝင် ကျောင်းပေါင်းကိုးကျောင်းမှ ဆရာတော်နှင့် သံဃာတော် ၈၂ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေများ လှူဒါန်းပွဲကို သြဂုတ် ၂၁ရက်က ပြည်အေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှသောင်းနှင့်ဇနီး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကဒေါ်ခင်ခင်ချစ်တို့က ဆက်ကပ်လှူဒါန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ခွာနာလျှာနာရောဂါထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေး

ဘုတ်ပြင်း သြဂုတ် ၁၈

ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို သြဂုတ် ၁၂ ရက်က မြို့နယ် သပြေခန်းမတွင် ကျင်းပသည်။

ဆွေးနွေး

အစီအစဉ်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းထွန်းက ခွာနာလျှာနာရောဂါ ကင်းရှင်းရေး လုပ်ငန်းစီမံချက်အပေါ် ဆွေးနွေးသည်။

ရှင်းလင်း

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ အောင်သိန်းမြင့်က ခွာနာလျှာနာရောဂါ ထိန်းချုပ်မှုလုပ်ငန်းတွင် ပြည်သူလူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး ဆရာဝန်ကြီးဒေါက်တာသန်းဝင်းက တက်ရောက်လာကြသော မွေးမြူရေးလုပ်ငန်းရှင်များ၏ သိလိုသည်များ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုထောက်ပံ့ငွေပေးအပ်

ပခုက္ကူ သြဂုတ် ၈

ပခုက္ကူဦးအုံးဖေလှူဒါန်းသော ၂၀၀၃-၂၀၀၄ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို သြဂုတ် ၁ရက်က ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း သီတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးမြင့်နှင့်အလှူရှင် ဦးအုံးဖေတို့က အမှာစကားပြောကြားကြပြီး ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ထောက်ပံ့ကြေးငွေကျပ် ၁၅၆၀၀၀ကို မြို့နယ်ဥက္ကဋ္ဌကပေးအပ်ရာ ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ်ဦးစိုးမြင့်က လက်ခံရယူသည်။ **(အောက်ပုံ)** (၄၁၃)

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ၊ အင်ဂျင်နီယာမှူး ဦးမင်းအောင်မြင့်စိုးနှင့် အဖွဲ့သြဂုတ်၄ရက်က ကလောဘူတာလမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၄၀၈)

မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ ဆုများချီးမြှင့်

ပျဉ်းမနား သြဂုတ် ၂၅

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်အဆင့် ဒွါဒသမအကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို သြဂုတ် ၁၄ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌဦးမြင့်လွင်နှင့်မြို့နယ်ပညာရေးမှူး ဒေါ်ခင်ရှိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်၊ အခြေခံအဆင့် အက(မ)ပြိုင်ပွဲ၊ ခမ္မတေး၊ ကာလပေါ်၊ မဟာဂီတ အဆိုပြိုင်ပွဲများ၊ ပတ္တလားအတီး၊ စန္ဒရားနှင့် ဆိုင်းအတီးပြိုင်ပွဲများ ယှဉ်ပြိုင်ကျင်းပကြပြီး ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့် ပေးအပ်ကြသည်။ **(၀၉၉)**

ဂုဏ်ပြုဆုချီးမြှင့်

မြင်းခြံမြို့နယ် ထနောင်းတိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို သြဂုတ်၁၀ရက်က အဆိုပါကျောင်း၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရှင်မောင်ဟိန်းထက်ဦးအား ကျောင်းအုပ်ဆရာမကြီးဒေါ်ညွန့်ကြည်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၄၀၂)

မြန်မာ့အသံ

၄-၉-၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်

နေ့လယ်ပိုင်း

၀၉:၃၀ ခေတ်ပေါ်တေး
၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (လင်ဗီးဆေးတောင့်ထုတ်လုပ်မှုအတွက် အရေးပါသော လင်ဗီးမှိုစိုက်ပျိုးရေးအကြောင်း)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)ဆရာသခင်ကျေးဇူးရှင် (ခေါင်းကြီး)
(၂)ဆီမီးတန်ဆောင်(ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပညာရေးအထူးအစီအစဉ်)

ညနေပိုင်း

၁၇:၀၀ ခေတ်ဟောင်းတေး
၁၇:၁၅ အဆို၊ အက၊ အရေး၊ အတီးဆုရ (ဧရာဝတီတိုင်းမှ မောင်ဝေသန်း၏ ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေရဲ့ ခေတ်ဟောင်း၊ ကာလပေါ်တေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားနည်းပြကောင်းဟူသည် ဦးဉာဏ်ထွန်း-ညွှန်မှူး၊ အား/ကာ)
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ထင်းရှူးရိပ်တေးထုတ်လုပ်ရေးမှ ပေးပို့သော လောကချမ်းသာ မဟာကုသိုလ်တေးစီးရီး)
၂၀:၃၀ English Lesson Working Knowledge
၂၀:၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

သစ်တောထိန်းသိမ်းရေး ရှင်းလင်းဟောပြော

ဂန့်ဂေါ သြဂုတ် ၁၅

ဂန့်ဂေါခရိုင် ဆောမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဟောပြောပွဲ အခမ်းအနားကို သြဂုတ် ၃ ရက်က ဆောမြို့ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနောင်က အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်မင်းထိုက်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များနှင့် မြန်မာ့သဘာဝသစ်တောများ ထိန်းသိမ်းရေး ရှင်းလင်း ဟောပြောကြသည်။

(၂၇၃)

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် Baiyoke Kandawgyi Hotel Co.,Ltd.မှအောက်ဖော်ပြပါ သင်တန်းများကို Kandawgyi Palace Hotel ရှိ Hotel and Tourism Training Centre တွင် ၄-၁၀-၂၀၀၄ မှ ၂၅-၁၁-၂၀၀၄ နေ့အထိ ရက်သတ္တပတ် ရှစ်ပတ် ဖွင့်လှစ်ပါမည်။

1. Front Office Operations - တက္ကသိုလ်ဝင်တန်းအောင်
2. Housekeeping Operations - ကိုးတန်းအောင်
3. Food and Beverage Service - ကိုးတန်းအောင်
4. Food and Beverage Production - ကိုးတန်းအောင်
5. Oriental Food Production (Part time) (နံနက် ၉း၀၀ နာရီမှ မွန်းတည့်၁၂း၀၀နာရီ) - ယခင် ဤသင်တန်းကျောင်းမှ F & B Production သင်တန်းဆင်းများဖြစ်ရမည်။ သင်တန်း လျှောက်လွှာများကို သင်တန်းဆင်း လက်မှတ်မိတ္တူနှင့် ပူးတွဲတင်ရမည်။
6. Hotel/Motel Accounting for Supervisory level - တက္ကသိုလ်ဝင်တန်းအောင်ပြီး၊ စာရင်းကိုင်ပညာအောင်ပြီးသူ(သို့) ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ။

လျှောက်လွှာများကို ဤသင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၁၀-၉-၂၀၀၄ရက်ဖြစ်ပါသည်။ အမှတ်စဉ် ၁မှ ၄အထိ ရေးဖြေစာမေးပွဲများကို ၁၁-၉-၂၀၀၄ရက်တွင် ပြုလုပ်ပါမည်။ ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ ပူးတွဲတင်ရမည်။ သင်တန်း အောင်မြင်သူများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပါမည်။ အသေးစိတ်ကို သင်တန်းဌာန ကြော်ငြာသင်ပုန်းတွင် ကပ်ထားပါမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၉၂၅၅၊ လိုင်းခွဲ-၅၄၂၁။

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Mayson Industries Co.,Ltd. (Good Morning)
အမှတ်(၁)၊ ဗိုလ်အောင်ကျော်လမ်း၊ စက်မှုဇုန်(၄)၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

၁။ Marketing Executive — ကျား/မ (၂) ဦး
၂။ Marketing Assistant — ကျား/မ (၁) ဦး
- ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- Computer တတ်ကျွမ်းရမည်။
- အသက် ၄၀ နှစ်ထက်မကြီးရ။

၃။ Sales Man — ကျား (၄) ဦး
- ၁၀ တန်းအောင်မြင်ပြီး ယာဉ်မောင်းလိုင်စင်ရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၄။ Mechanic / Technician — ကျား (၂) ဦး

G.T.C, A.G.T.I, THS, ITC နှင့် အလားတူ လက်မှတ်ရသူများ လျှောက်ထားနိုင်သည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ သုံးပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ စီမံခန့်ခွဲရေးဌာန၊ အမှတ်(၁)၊ ဗိုလ်အောင်ကျော်လမ်း၊ စက်မှုဇုန် (၄) လှိုင်သာယာသို့ ကြော်ငြာပါသည့်နေ့မှ ၁၀ ရက်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ စာရင်းကိုင် — ကျား/မ (၁) ဦး
၂။ Marketing Executive — ကျား/မ (၂) ဦး
၃။ ယာဉ်မောင်း — ကျား (၂) ဦး
၄။ မော်တော်ယာဉ်စက်ပြင် — ကျား (၁) ဦး

အမှတ်စဉ်(၁)ရာထူးအတွက် B.Com,CPA လုပ်သက် သုံးနှစ်၊ အသက် ၂၅နှစ်မှ ၃၀ အတွင်း၊ Computerစာရင်းကိုင်ကျွမ်းကျင်သူ။

အမှတ်စဉ်(၂)ရာထူးအတွက် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး ရုပ်ရည်ချောမောပြေပြစ်၍ စကားပြောသွက်လက်ချက်ချာသူ၊ အင်္ဂလိပ်စာရေးတတ်ပြော တတ်သူ၊ အသက်၂၀ နှစ်မှ ၂၅ နှစ်အတွင်း၊ လုပ်သက်အနည်းဆုံး နှစ်နှစ်ရှိရမည်။

အမှတ်စဉ်(၃)ရာထူးအတွက် ယာဉ်မောင်းလုပ်သက် သုံးနှစ်ရှိသူ၊ အသက် ၂၅နှစ်မှ ၃၀ အတွင်း၊

အမှတ်စဉ်(၄)ရာထူးအတွက် AGTI (Mach) အတွေ့အကြုံ သုံးနှစ်ရှိသူ၊ အသက် ၂၀မှ၃၀နှစ်အတွင်း

လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ သုံးလအတွင်း ရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့်အတူ နှစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။ Lwin & Swan Motor,(Car Show Room) ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းဆုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

(ရန်ကုန်အဝေးသင်တက္ကသိုလ်)

ဘွဲ့ဝတ်စုံများသက်သာသောနှုန်းထားဖြင့်ငှားရမ်းနိုင်

မြန်မာ့ကုန်တိုက်နှင့်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဗဟိုသက်သာ ချောင်ချိရေးကော်မတီတို့က စဉ်ဆက်မပြတ်သက်သာသော နှုန်းထားများဖြင့် ငှားရမ်းပေးခဲ့သော ဘွဲ့ဝတ်စုံများကို ယခုမြန်မာ့ကုန်တိုက် ဝန်ထမ်းဟောင်းများအဖွဲ့က ၃-၉-၂၀၀၄ရက်မှစ၍ အမှတ် ၅၄၊ ဗိုလ်ရွှေလမ်း၊ လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၈၅၁၊ ၀၁-၂၈၀၆၉၇ တွင် နေ့စဉ် နံနက် ၉း၃၀မှ ညနေ ၄း၃၀ နာရီအထိ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ ငှားရမ်းပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဦးဝင်းနိုင်ထွေးနှင့်အများသိစေရန်

၂၂-၈-၂၀၀၄ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ ဦးဝင်းနိုင်ထွေး၏ ကြေညာချက်အား ပြန်လည်ဖြေရှင်းအပ်ပါသည်။

ကျွန်မ ဒေါ်ဇင်မာလတ် ၁၂/သကတ (နိုင်) ၁၃၄၂၄၂နှင့် ဦးဝင်းနိုင်ထွေး ၁၂/သကတ(နိုင်)၀၀၃၀၅၄ တို့သည် ၂၉-၂-၂၀၀၀ရက်တွင် သန်လျင်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်နေထိုင်လာခဲ့ကြရာ သားလေးတစ်ဦး ထွန်းကားခဲ့ပါသည်။ အိမ်ထောင်သက်တမ်းတစ်လျှောက် ဦးဝင်းနိုင်ထွေး၏ လုပ်ရပ်များကြောင့် စိတ်ဆင်းရဲခဲ့ရသည့်အပြင် ၂၄-၇-၂၀၀၄ရက်က အတူနေထိုင်ရာ အခန်းအမှတ် (၁၅/၂) လကဝင်း၊ (၄)ရပ်ကွက် သာကေတမြို့နယ် နေအိမ်ခန်းမှ ဦးဝင်းနိုင်ထွေးကသာ လင့်ဝတ္တရား၊ ဖခင်ဝတ္တရား ကင်းမဲ့ပျက်ကွက်စွာဖြင့် ငွေကြေးများယူငင်ဆင်းသွားခြင်းဖြစ်ပါသည်။ဦးဝင်းနိုင်ထွေးနှင့်ပတ်သက်သည့် မည်သည့်အဖိုးတန်ပစ္စည်းနှင့် မည်သည့်တရားဝင်အရေးကြီး စာချုပ်စာတမ်း တစ်စုံတစ်ရာလည်းမရှိပါ။

ဦးဝင်းနိုင်ထွေး၏ ကြေညာချက်မှာ အများထင်ယောင်ထင်မှားဖြင့် ကျွန်မအား ဂုဏ်သိက္ခာကျစေရန် အကြံဖြင့် ကြေညာခြင်းဖြစ်ကြောင်း ပြန်လည်ဖြေရှင်းအပ်ပါသည်။

ဒေါ်ဇင်မာလတ် ၁၂/သကတ(နိုင်)၁၃၄၂၄၂။

ဖခင်အမည်မှန်

အထက(၁)ကမာရွတ် ဒသမတန်း (က)တွင် ပညာသင်ကြားနေသော မခင်အိမွန်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နံပါတ် KMYT-013548အရ ဦးအုန်းသန်းကျော် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/ ၈၃၇၃လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ (၁၅)ရက်အတွင်း တခလ၊ ရှေ့တန်းရုံး (တာချီလိတ်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **တခလ၊ရှေ့တန်းရုံး (တာချီလိတ်)။**

အမည်ပြောင်း

ပဲခူးတိုင်း ရွှေတောင်မြို့နယ် ကျီးသဲ အထက နဝမတန်းမှ ဦးသိန်းမြင့်၏သား မောင်ကျော်ထက်အား မောင်ကျော်မင်းခန့် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်မင်းခန့်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၀၂၂၀၇၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-ဖုန်း-၅၄၇၂၀၈၊ ၀၉-၈၀-၃၄၁၅၉။

ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyats)ဖြင့် စက်မှုလက်မှု လုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	13(T)2/MR(CTM)	Trolley 2004-2005 Width-20 inch Length-30 inch	50-Sets High - 40 inch

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၃၀-၉-၂၀၀၄(ကြာသပတေးနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၁-၈-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၃၉၈၂၊ ၂၀၁၅၅၅ လိုင်းခွဲ-၆၀၂၆၀၅၆၁၂။

အများသိစေရန်ကြေညာချက်

Golden Hope Int'l Ltd.

ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်တော် ဦးတင်ထွန်း MMN - 539221 နှင့် ဒေါ်မြင့်မြင့်မော် ၁၀/မလမ(နိုင်) ၁၃၇၃၇၁ တို့သည် ၆-၈-၂၀၀၄ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့၍ ဒေါ်မြင့်မြင့်မော်နှင့်ပတ်သက်သည့် ကိစ္စမှန်သမျှသည် ကျွန်တော် ဦးတင်ထွန်းနှင့်လုံးဝ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း။

ဦးတင်ထွန်း
MMN- 539221။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်သန်း အသက်(၈၅)နှစ်

သူငယ်ချင်း ဦးတင်ထွဋ်(မြို့နယ်တရားသူကြီး)မရမ်းကုန်းမြို့နယ် တရားရုံး၏ ဖခင် ဦးကျော်သန်းသည် ၃၁-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် သူငယ်ချင်းနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ၊ ဓေယျ(၈၁)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှဲ့လှဲ့ဝင်း (General Manager, The Grand Mee Ya Hta Executive Residences) ၏ ချစ်လှစွာသောမိခင်ကြီး Dr.ရိုခ့်သာဂွယ်(ခ) Dr. ဒေါ်နှင်းဆီသည် ၃၁-၈-၂၀၀၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်နှင်းဆီ၊ ကိုသက်လွင်၊ မစန်းစန်းဝင်း၊ မအေးအေးသိန်း။

လိပ်ခေါင်း၊ဂရင်ဂျိနာ၊ ဓအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်မြဲအောင်ဖတ်ပါ) ဖုန်း -၂၄၀၀၆၄

သမားတော်ကြီး ဗိဇ္ဇာ၊ လိပ်ခေါင်း၊ဂရင်ဂျိနာ အထူးကု

ကျေးဇူးဆပ်ပါမည်

၂၉-၈-၂၀၀၄ ရက် မင်္ဂလာတောင်ညွန့်၊ ယုဇနပလာဇာအနီး အငှားကားတစ်စီးပေါ်တွင် ဖုန်း-၇၂၂၉၈၇ CDMA အပေါ်ခြမ်းစက်အပိုင်း ပါရှိသွားပါ၍ တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန်။

ဖုန်း-၆၆၄၃၁၄၊
၀၃-၁၃၅၃၁၈။

ခွေးရောင်းမည်

Import Rott- weiler အထီးအမ၊ Pug အမ ခွေးခြသေ့စပ်အမ ရောင်းမည်။

ဖုန်း-၇၂၄၀၄၃
(၂၉၃)၊ မဟာဆွေ ၁လမ်း
ဘာတာနှင့်အုတ်ကျင်းကြား၊ လှိုင်။

ဝမ်းနည်းကြေကွဲခြင်း
Dr. Rose Tha Gwe (ခ) ဒေါက်တာဒေါ်နှင်းဆီ
အသက် (၉၅) နှစ်

SPA/FMI Group of Companies, Grand Mee Ya Hta Executive Residences ၏ Director cum General Manager ဒေါ်လှဲ့လှဲ့ဝင်း ၏ ချစ်လှစွာသောမိခင်ကြီး Dr. Rose Tha Gwe (ခ) ဒေါက်တာဒေါ်နှင်းဆီ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း

ဒါရိုက်တာအဖွဲ့ မန်နေဂျာများနှင့် ဝန်ထမ်းများ

Serge Pun & Associates (Myanmar) Ltd.	
First Myanmar Investment Co., Ltd.	Pun Hlaing International Hospital Ltd.
Yangon Land Co., Ltd.	Wood Technology Industries Ltd.
Grand Mee Ya Hta Executive Residences	Shine Laundry Ltd.
FMI Garden Development Ltd.	Safe Security & Services
FMI Syndication Ltd.	Stamford-City Business Institute
Pun Hlaing Golf Estate	SPA Media
Pun Hlaing Golf Club	CITE Pest Control

ဒေါ်မမကြည်
(လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၊ မြရတနာလမ်း၊ ပြည်သာယာ၊ ဘောက်ထော်နေ ဦးစောမြ-ဒေါ်သန့်တို့၏သမီး၊ (ဦးထွန်းမင်း)၏ဇနီး၊ ဦးတင်ထွန်း-ဒေါ်ခင်မမဆွေ (ညွှန်ကြားရေးမှူး၊ စီမံကိန်းဦးစီး ဌာန)၊ ဒေါ်ခင်ပွင့်ဦး၊ ပါမောက္ခ ဦးသစ်လွင်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါ်မြတ်အေးချမ်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁-၉-၂၀၀၄ရက် ည ၉း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပြီး ၂-၉-၂၀၀၄ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းအေး
(ရန်ကုန်မြို့တော်စည်ပင်၊ဗဟိုပစ္စည်းထိန်းဌာန)
အသက်(၅၀)

ရန်ကုန်မြို့နေ (ဦးဘလွင်-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးသိန်းဖံ)-ဒေါ်စောကျင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကန်တော်လေး၊ စည်ပင်အရာရှိရိပ်သာ၊ တိုက်(ခ)၊ အခန်း ၁၂ နေ ဦးတင်ထွဋ်(မြို့တော်စည်ပင်၊ ယာ/အုံ၊ ငြိမ်း)၏ဇနီး၊ မောင်တင်အောင်ဝင်း(Trimax Marine Service Co., Ltd.)၊ မဝင်းဝင်းလှိုင်(နောက်ဆုံးနှစ်၊ ရူပဗေဒ၊ ဒဂုံအဝေးသင်၊ GTC PR)၊ မမေသင်းခိုင်(Grade XI-E'၊ အထက-၃၊ တောင်ဥက္ကလာ)တို့၏မိခင်သည် ၂-၉-၂၀၀၄ရက်(ကြာသပတေးနေ့)ည ၈း၂၅ နာရီတွင် ကန်သာယာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ ဦးမြသောင်း(အတိုင်ပင်ခံ၊ ဆီး၊ကျောက်ကပ်ရောဂါခွဲစိတ်ကုဆရာဝန်ကြီး၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်ဆေးရုံကြီးများ)၏ဇနီး သားဖွားမီးယပ်ကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သင်းရီသည် ၂၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

မြန်မာနိုင်ငံ ဆီးကျောက်ကပ်ကုဆရာဝန်များအဖွဲ့၊
မြန်မာနိုင်ငံ ဆရာဝန်အသင်း။

ဦးဆွေနိုင်(ခ)
Alfred Tin Swe
(ရန်ကင်း)
ဦးစီးအရာရှိ(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၄၁၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးတင့်ဆွေ-ဒေါ်နုနု)တို့၏သားကြီး၊ (ဦးထွန်းရှိန်-ဒေါ်အေးရှင်)တို့၏သားသမက်၊ ဒေါ်မိမိ(ဒုဦးစီးမှူး၊ဝင်ငွေခွန်ဌာနခွဲ၊ပြည်တွင်းအခွန်များဦးစီးဌာန)၏ခင်ပွန်း၊ ဦးမြင့်သန်း-ဒေါ်စိန်စိန်မြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်မေအေး၊ (ဦးဝဏ္ဏ)-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်နှင်းယုတို့၏အစ်ကို၊ မဆွေဇင်ဦး(ယုဇနပုစွန်မွေးမြူရေးလုပ်ငန်း၊ ငွေဆောင်)၊ မမေဇင်လတ်(MACO Ltd.)၊ မဇင်မာဆွေ (MACO Ltd.)တို့၏ဖခင်သည် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁း၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်သန်း (အင်းရဲရွာ၊ ကျုံပျော်မြို့)
အသက်(၇၃)နှစ်

ကျုံပျော်မြို့၊ အင်းရဲရွာနေ (ဦးစွဲခင်-ဒေါ်သန်းရှင်)တို့၏သား၊ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် (ဦးပုဖိုး-ဒေါ်အုန်းမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၂၆၊ သစ်တောလမ်းနေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဒေါ်မေကြည်၏အစ်ကို၊ ဦးဟုတ်စိန်၊ ဦးစိန်သောင်း၊ ဦးအုန်းမောင်တို့၏ညီ၊ ကိုတင်အောင်မင်း-မမြင့်မြင့်စိန်၊ ကိုသန်းအောင်-မရီရီလွင်၊ ကိုဝင်းအောင်-မကြည်ကြည်ဝင်း၊ ကိုနိုင်ဝင်းကျော်-မအေးအေးအောင်၊ ကိုဖေသန်းကျော်-မညိုညိုမီ၊ ကိုခင်ဇော်-နော်မူးဖွယ်၊ ကိုခင်ဇော်-မအေးအေးမူ၊ ကိုသိန်းလှိုင်-မအေးအေးမြင့်၊ မသန်းသန်းတင့်၊ မောင်ဆန်းသွင်၊ မောင်လှမြင့်စိုးတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၀၄ ရက်တွင်အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဉာဏ်လှိုင်
အသက်(၆၇)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံရပ်ကွက်၊ အကွက် ၁၂၇ နေ ဒေါ်တင်၏ခင်ပွန်းသည် ၂၈-၈-၂၀၀၄ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကြာနီကန်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းမယ်တော်ကြီး
ဒေါ်နီနီ
အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးစံအောင်)၏ဇနီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ၁၃၃ လမ်း၊ အမှတ် ၃၅ (သုံးလွှာ)နေ ဦးထွန်းဝင်း (Peninusula Co., Ltd.)-ဒေါ်အောင်ကြည်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၈/စီ)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၅၅၀ နေ ဦးစိုးအောင်(မြန်မာ့အလင်း၊ ဖိုတို)-ဒေါ်စမ်းစမ်းအေးတို့၏မိခင်၊ ဦးသုမန(စိတ္တသုခါရာမကျောင်းတိုက်၊ သဃ်္ဃန်းကျွန်း)၏မယ်တော်၊ကြည့်မြင်တိုင်မြို့နယ်၊စကားဝါပင်လမ်း၊ အမှတ် ၇ နေ (ဦးသိန်း)-ဒေါ်နွဲ့နွဲ့ရီ၊ မလှလှဝင်းတို့၏အစ်မကြီး၊ မယဉ်အေး၊ မောင်ကျော်ဇေယျတို့၏အဒေါ်၊ မောင်သူရအောင်၊ မောင်ဇာနီအောင်၊ မောင်ညီညီအောင်၊ မခိုင်မေအောင်၊မောင်စည်သူအောင်တို့၏အဘွား၊ မြစ်တစ်ယောက်၏အဘွားသည် ၁-၉-၂၀၀၄ရက် ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းကြည်(ခ)
ဒေါ်သောင်း (ကညွတ်ကွင်း)
အသက်(၆၃)နှစ်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ (ဦးမောင်-ဒေါ်ပု)တို့၏သမီးကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ စံပါယ်လမ်း၊ အမှတ် ၁၄ နေ ဦးမှဲ့၏ဇနီး၊ (ဦးညွန့်သန်း)၏ညီမ၊ဦးတင်ထွန်း၊ဦးကျော်ငြိမ်း၊ဒေါ်မုန်းတို့၏အစ်မ၊ ဦးစိုးလွင်-ဒေါ်သန်းသန်းမြင့်၊ Kevine Kline- မရီရီအေး(သူနာပြု)၊ မောင်အောင်ဇော်ဝင်း၊ မောင်လှမိုး-မသန္တာဖြူ၊ မောင်တိုးမြင့်၊ မခင်သက်ထား၊ မောင်ရဲသီဟ(UNDP)-မငြိမ်းငြိမ်းဝေ၊ မနှင်းနှင်းဝေ၊ မသူဇာ၊ မနှင်းအိဖြူတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးနေထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး)
ဘိုကလေးမြို့နယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
အသက်(၃၇)နှစ်

၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသည့် ချစ်လှစွာသော ခင်ပွန်း ဦးနေထွန်း၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဧရာဝတီတိုင်းမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အစစအရာရာ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူး၊ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်လူမှုရေး အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ ဧရာဝတီတိုင်း (၂၆)မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်ဝန်ထမ်းများ၊ ဈာပနအား လိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ၊ပန်းခြင်းပေးပို့သူများနှင့် တယ်လီဖုန်း၊ ကြေးနန်းတို့ဖြင့် နှစ်သိမ့်အားပေးကူညီခဲ့သော ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟတို့အပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးဥပကာရတင်ရှိခြင်း

(၂၇-၈-၂၀၀၄)ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါက်တာဒေါ်ခင်သင်းရီ (သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး)၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာ ကူညီပံ့ပိုးအားပေးခဲ့ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊နာမကျန်းစဉ်ကာလတစ်လျှောက် ပြုစုကူညီစောင့်ရှောက်ပေးသော ဆရာဝန်ကြီးများ၊ ဆရာမများ၊ ကျန်းမာရေးမိသားစုများအားလုံးကိုလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ အားပေးနှစ်သိမ့်ကြသူများ၊ လိုက်ပါပို့ဆောင်ကြသူများနှင့်တကွ၊ စာ၊ ကြေးနန်း၊ ဖက်(စ်)၊ တယ်လီဖုန်း၊ အီးမေး(လ်)များဖြင့် အားပေးစကား ပြောကြားကြသူများအားလုံးတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မိ (စစ်ကိုင်းမြို့)
အသက်(၈၇)နှစ်

မန္တလေးမြို့၊ နန်းတော်ရှေ့ (ဦးစိန်-ဒေါ်စိန်)တို့၏သမီး၊ စစ်ကိုင်းမြို့၊ နန်းတော်ရာရပ် (ဦးထွန်းဦး-ဒေါ်လှ)တို့၏သမီးချွေးမ၊ ဦးစိန်းမောင်(တိုင်းသမဦးစီးမှူး၊ငြိမ်း)၏ဇနီး၊(ဆရာမဒေါ်စိန်)၏ညီမ၊ဒေါ်သန်းတင်၏အစ်မ၊ စစ်ကိုင်းတောင်ရိုး ဓမ္မာစရိယကျောင်းတိုက် ဓမ္မဒါယာဒကျောင်း ဦးပဥ္စင်း ဦးသုမင်္ဂလ၏မယ်တော်၊ ရန်ကုန်မြို့ ဦးမြင့်မောင်-ဒေါ်အေးအေးသိန်း၊ ရန်ကုန်မြို့ ဒေါ်တင်တင်နု၊ ဦးမင်းသိန်း(UNDP)-ဒေါ်ကြူကြူ (တိုင်းလက်ထောက်မန်နေဂျာ၊ ငြိမ်း၊ လယ်စိုက်ရှင်း)၊ ဦးသိန်းမြင့်(လက်ထောက် အထွေထွေမန်နေဂျာ၊ သစ်လုပ်ငန်း)-ဒေါက်တာမူမူ(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ချမ်းအေးသာစံ)၊ ဦးအောင်ထူး(စာရင်းစစ်မှူး၊ ငြိမ်း)-ဒေါ်ကြည်ကြည်(ဒုညွှန်မှူး၊စာရင်းစစ်ချုပ်ရုံး)၊ ဦးတင်လှိုင် (လက်ထောက် ညွှန်ကြားရေးမှူး၊စာရင်းစစ်ချုပ်ရုံး)-ဒေါ်သန်းသန်းမေ(လက်ထောက်မန်နေဂျာ၊ ဟိုတယ်/ခရီး၊ငြိမ်း)၊ဒေါ်ခင်ရီ(ရုံးအုပ်၊ဆည်မြောင်း)၊ ဦးဝေလင်း (တရားရုံးချုပ်ရှေ့နေ)-(ဒေါ်အုန်းမြရီ)၊ ဦးမြင့်အောင်(ကြီးကြပ်ရေးမှူး၊ စက်ခေါင်း)-ဒေါ်စန်းစန်းအေး၊ ဦးကျော်စိုးဝင်း (အငယ်တန်း အင်ဂျင်နီယာ)-ဒေါ်ခင်စီ (အငယ်တန်း အင်/ယာ)၊ ဦးထွန်းအောင်ကျော်(ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ချိုပြုံး၊ ဦးစိမ်းမောင်မောင်(မြို့လျှပ်စစ်)-ဒေါ်မြင့်အေး (အလုပ်ရုံမှူး၊ တပ်မတော်ချည်စက်)၊ဒေါ်စုစုစိန်းတို့၏မိခင်၊ မြေး ၂၆ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၅း၃၀ နာရီတွင် စစ်ကိုင်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် စစ်ကိုင်းမြို့နေအိမ်မှ တင်းတိပ်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဲကျော်စွာ မြင့်လွင်ဦး
(ဒုတပ်ကြပ်)
စခန်း(၁)၊ကျောက်တံတားမီးသတ်စခန်း
(ပိန်းဇလုပ်)
အသက်(၄၁)နှစ်

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့နေ ဦးကျော်ရှိန်-ဒေါ်သန်းလှတို့၏သား၊ ရန်ကုန်မြို့နေ ဦးကျော်ထွေး-ဒေါ်တင်တင်ထွေးတို့၏ သားသမက်၊ ဒေါ်ထွေးထွေးမြတ်၏ခင်ပွန်း၊ မမေဦးခင်ခင်(အထက-၁၊ ကျောက်တံတား)၊ မောင်ဟန်ထွန်းဇော် (အမက-၁၊ ကျောက်တံတား)တို့၏ဖခင်၊ (ဗိုလ်ကြီးဟန်ကြည်) - ဒေါ်အုန်းကြည်တို့၏တူ၊ မခင်မာဦး၊ ကိုဇော်မျိုးဦး-မချိုချိုခိုင်၊ ကိုသန်းကျော်ဦး-မတင်တင်ဝင်း၊ မောင်မိုးဇော်-မမာလာဦးတို့၏ အစ်ကိုကြီး၊ တပ်ကြပ်အောင်လင်းဦး(မီးသတ်သင်တန်းကျောင်း၊ရန်ကုန်)၊တပ်သား ထိန်လင်းဦး-မခင်ခင်ညို (တာမွေ မီးသတ်စခန်း)၊ ဒုတပ်ကြပ်အေးလွင်ဦး(တပ်မတော်-ရေ)တို့၏အစ်ကိုသည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ် ကျောက်တံတားမီးသတ်ဆူးလေစခန်းမှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည် (ဝေါ)
(ဘုရားပျို)
အသက်(၇၃)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဘုရားပျိုကျေးရွာ၊ ပန်းပဲစုရပ်ကွက်(ဦးထွန်းလှ-ဒေါ်ပြုံးရင်)တို့၏သမီး၊ တာမွေမြို့နယ် (ဦးငွေ-ဒေါ်ဝက်)တို့၏ သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်နေ (ဦးနီ)-ဒေါ်သောင်းလှတို့၏ညီမ၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊အနော်မာ ၁၇လမ်း(အရှေ့)၊ အမှတ် ၈၅ နေ ဦးဝင်းကြည်၏ဇနီး၊ (ဦးထွန်းလှိုင်)-ဒေါ်သိန်းနု၊ ဦးဆန်းဦး၊ ဦးလှဦး-ဒေါ်လှလှဌေး၊ ဦးသန်းစိုး-ဒေါ်စန်းစန်းမော်၊ ဦးဝင်းဦး-ဒေါ်မြနွဲ့၊ ဦးတင်မောင်-ဒေါ်ဝင်းဝင်းမော်၊ ဦးစောဝင်း-ဒေါ်တင်တင်မော်၊ ဦးမျိုးခိုင်-ဒေါ်ခင်ခင်မော်၊ ဦးအောင်ကျော်ဦး-ဒေါ်သင်းသင်းနွယ်တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁-၉-၂၀၀၄ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ညောင်း
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၅(ခြောက်လွှာB)၊ ကျောက်မြောင်းလမ်း၊ ကျောက်ထက်၊တာမွေနေ (ဦးသောင်းဖေ)၏ဇနီး၊ ကနစိုးကုံးရွာနေ(ဦးမိုင်)-ဒေါ်နွယ်တို့၏သမီးကြီး၊ ဦးလုံးလှ၏ညီမ၊ အံဂျေလားချောင်း၊ မာဒလေနာချောင်း၊ ဦးဝိုင်ဖုန်းတို့၏အစ်မ၊ စောချမ်း-ဒေါ်လီလီအောင်၊ကိုကိုနိုင်-ဒေါ်နီနီအောင်၊ကိုငြိမ်းအေး၊ ခင်မျိုးသန့်၊ မောင်လင်းထိန်-မမြတ်မွန်စိုး၊ မောင်စိန်ညွှန့်၊ ကိုကျော်မင်း-မလှလှအေးတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၉-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကျိုက္ကစံလမ်းရှိ ST:FRANCISကျောင်းတွင် ဝတ်ပြုဆုတောင်း၍ ရေဝေးသုသာန်၌သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်ခင်ဆွေ(ခ)
ဟူးရ်ဂျန်ခန်း
အထက်တန်းပြ၊အထက(၃)
မြစ်ကြီးနား
အသက်(၅၁)နှစ်

မြစ်ကြီးနားမြို့၊ မင်းရပ် ၄၁ နေ (ဟာဂျီဦးလှမောင်-ဟာဂျီမဒေါ်စကီနာ)၊ ဒေါ်စိန်စိန်တို့၏သမီး၊ ဗန်းမော်မြို့၊ လက်ပန်တန်းရပ်နေ (ဦးဆန်း-ဒေါ်အုန်းကြည်)တို့၏သမီးချွေးမ၊ မြစ်ကြီးနားမြို့၊ အထက(၃)ကျောင်းအုပ်ဆရာကြီး ဦးဘထွန်း၏ဇနီးသည် ၃၁-၈-၂၀၀၄ရက် ည၁၀း၁၀နာရီတွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁-၉-၂၀၀၄ရက် ဇဟိုရ်နမာတ်အပြီးတွင် မြစ်ကြီးနားမြို့ ရာဒါကောင်း မွတ်ဆလင် ကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြိုင်
(မိုးကုတ်မြို့၊ဈေးဟောင်းရပ်)
အသက်(၇၉)နှစ်

မိုးကုတ်မြို့၊ ဈေးဟောင်းရပ်နေ(ဦးစံကျော်-ဒေါ်ဦး)တို့၏သမီး၊ (ဦးအောင်ညွှန့်)-ဒေါ်အုန်းကြည်တို့၏ညီမ၊ ဦးသာဒွန်း-ဒေါ်လှကြည်၊ (ဦးလှမောင်)၊ (ဦးမောင်ကြီး)၊ ဒေါ်သိန်းသိန်း၊ ဦးညို-ဒေါ်သိန်းရင်၊ (ဦးမောင်ကို-ဒေါ်သောင်းသောင်း)တို့၏အစ်မ၊ အမှတ် ၁၁၀၂၊ သုဓမ္မာ ၅ လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးကံတင့်)၏ဇနီး၊ ဦးခင်မောင်မြင့်(ကျောက်သွေးလုပ်ငန်း)-(ဒေါ်ခင်လေးကြည်)၊ ဦးခင်မောင်ဝင်း-ဒေါ်ထားထားဝင်း၊ ဦးအေးမြင့်(ဆောက်လုပ်ရေးရုံးချုပ်)-ဒေါ်ကြည်ဌေး(ခ)ဒေါ်ဌေးဌေး၊ ဒေါ်ကြည်အေး(ခ)ဒေါ်သီသီ၊ ဦးခင်ဝင်း-ဒေါ်ကြည်ထွေး(ခ)ဒေါ်စီစီ၊ ဦးခင်မောင်အေး-ဒေါ်ခင်မေညွန့်၊ ဦးခင်မောင်ဌေး-ဒေါ်သီသီမွေး၊ ဦးခင်မောင်သန်း-ဒေါ်သင်းသင်း၊ ဦးခင်မောင်ထွေး(ခ)ဦးတူးတူး-(ဒေါ်ချိုချိုမာ)တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေးဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောအမောင်(ခ)
ကိုကိုမောင် (နမ္မတူ)
အသက်(၆၈)နှစ်

နမ္မတူမြို့ (ဦးစောဘကျော်-ဆရာမကြီး ဒေါ်လှမေ)တို့၏သားကြီး၊ ဒေါ်နန်းအေးဟန်၏ခင်ပွန်း၊ ဒေါ်ခင်မာ၏မောင်၊ ဒေါ်အမာကြည်ကျော်-ဦးမြင့်ဝင်း၊ ဒေါ်အမာရီ-(ဦးခင်မောင်ညွှန့်)၊ (ဦးစောမိုးဇက်)-ဒေါ်ဆိုင်းခွမ်၊ ဒေါ်မြတ်လှချို-ဦးစံကာ၊ ဦးရဲညွှန့်ကျော်-ဒေါ်ကြူကြူသင်း၊ (ဦးနေဝင်းကျော်)တို့၏အစ်ကိုသည် ၂-၉-၂၀၀၄ရက် နံနက် ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၉-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြု၍ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်
(ကွမ်းခြံကုန်း)
အသက်(၆၆)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နေ (ဦးနော်ခင်-ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးသီလ-ဒေါ်လှအေး)တို့၏ သားသမက်၊ ဒေါ်သန်းမြင့်၊ (ဦးသင်းမောင်)-ဒေါ်စောမေ(အထပြ၊ ငြိမ်း)၊ ဒေါ်ရင်ငွေ(အထပြ၊ ငြိမ်း)တို့၏ညီ/မောင်၊ ဦးကျော်စိုး(U.T.I၊ ငြိမ်း)-(ဒေါ်ကျင်သန်း)တို့၏အစ်ကို၊သန်လျင်မြို့၊ အမှတ် ၁၈၊ ဦးလှမောင်လမ်း၊ သောက်တော်တွင်းရပ်ကွက်နေ ဒေါ်ခင်သိန်း(ထ-၂၊ သန်လျင်၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဇော်မင်းဦး၊ မောင်မြတ်မင်း၊ မရည်မွန်သန့်တို့၏ဖခင်သည် ၁-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၃-၉-၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးစိန်လှိုင် (မြောင်းမြ)
အသက်(၆၀)

မြောင်းမြမြို့၊ အမှတ် ၅၊ ဦးဘချိုလမ်း၊ မြောက်ပိုင်း၊ (၂)ရပ်ကွက်နေ (ဦးစစ်ဟုန်-ဒေါ်သောင်းရွှေ)တို့၏သား၊ ပွဲစား (ဦးလှရွှေ)-ဒေါ်သန်းခင်တို့၏ သားသမက်၊ ဒေါ်စန်းရင်၏ခင်ပွန်း၊ ကိုခင်ဇော်၊ မမာမာဦး၊ ကိုအေးတင့်-မခင်ခင်ဌေး၊ ကိုစံရွှေမြင့်၊ ဒေါက်တာထွန်းထွန်းဝင်း(လ/ထဆရာဝန်၊ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်ဝေမင်းဖြိုး၊ မပတ္တမြားတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ အမှတ် ၇၈၊ B-3 ပွဲစားလမ်း၊ ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ကြီး ဘဒ္ဒန္တ ဝိဇယ (မဟာထေရ်)
သာသနဓဇသိရီပဝရ ဓမ္မာစရိယ
ရွှေကျင်နိကာယရတ္တညူမဟာနာယက
ရွှေကျင်နိကာယ သာသနာလင်္ကာရ
မဟာဓမ္မဗိမာန်တော်ကြီး၏သြဝါဒါစရိယ
ရန်ကုန်တိုင်း၊ ရွှေကျင်ဝိနည်းပြန်ဌာန သြဝါဒါစရိယ
(ငါးသိုင်းချောင်းမြို့)
သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ပဓာနနာယက၊ ပုဗ္ဗာရုံကျောင်းဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်(၃၁-၈-၂၀၀၄ရက်)အင်္ဂါနေ့ ညနေ ၅း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်(၄-၉-၂၀၀၄ရက်) စနေနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပြုလုပ်သဂြိုဟ်မည်ဖြစ်ပါသည်။ (ကျောင်းတော်ရာ ရွှေကျင်တိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

နာယကဆရာတော်များ၊ကျောင်းတော်ရာရွှေကျင်တိုက်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပညာဝံသ မဟာထေရ်
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ ဇွေ့ကျေးရွာ(ခ)မင်းဝန်ကျေးရွာ သာသနနုဂ္ဂဟ ရွာဦးကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက် (၂-၉-၂၀၀၄ရက်) ကြာသပတေးနေ့ နံနက် ၅း၂၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အန္တိမဈာပန ကျင်းပပြုလုပ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကေဝလ
ပဓာနနာယကဆရာတော်
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၃၉)

မြင်းခြံမြို့၊ အမှတ် ၁၉၊ စက်မှုဇုန်၊ ကြောင်ပန်း ဝိပဿနာတရားပြဌာန ပဓာနနာယက ဆရာတော် ဦးကေဝလသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (အင်္ဂါနေ့) ညနေ ၆း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက် (၄-၉-၂၀၀၄ရက်) စနေနေ့တွင် အန္တိမအဂ္ဂိဈာပနပူဇာ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဂေါပကအဖွဲ့၊မြင်းခြံမြို့။

ဘုရား၊ရဟန်း၊တန်ဆောင်း၊ကျောင်း
ဒါယိကာမ၊ရဟန်းမယ်တော်
ဒေါ်အေးခိုင်
အသက်(၈၅)နှစ်

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ ဆရာတော် ဦးပညာသာရ၏မယ်တော်၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ကျေးရွာနေ (ဦးထွန်းကျော်အောင်)၏ဇနီး၊ ဦးမောင်ဝေအောင်-ဒေါ်အေးနုဖြူ၊ ဦးဘမောင်-ဒေါ်လုံးစိန်၊ ဦးစံကျော်-ဒေါ်သန်းစိန်မ၊ဦးစံသိန်း-ဒေါ်အေးသန်း၊ ဦးအောင်ကျော်သိန်း-ဒေါ်အေးကြည်၊ ဦးဘကြည်-ဒေါ်တင်ရီ၊ ဦးအောင်တင့်-ဒေါ်ကြည်ကြည်ရွှေ၊ ဒေါ်မသန်း၊ ဦးမောင်သန်း-ဒေါ်မြင့်ရီတို့၏မိခင်၊မြေး ၂၇ယောက်၊မြစ်ကိုးယောက်တို့၏အဘွားသည် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် လေးတောင်တိုက်နယ်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက် (စနေနေ့)တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ဦးအုန်းကြိုင်
(သုံးခွ၊ညောင်လေးပင်)
အငြိမ်းစားကျောင်းအုပ်ဆရာကြီး
သုံးခွမြို့နယ်အသင်းနာယက
အသက်(၇၆)နှစ်

သုံးခွမြို့နယ်နေ ဦးအောင်ညွှန့်-ဒေါ်ငွေလှိုင်တို့၏သား၊ ညောင်လေးပင်မြို့နယ်နေ ဦးမြဟန်-ဒေါ်ညွှန့်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၃၁၃၊ အခန်း ၁၂နေ ဒေါ်တင်ဝင်း(ကျောင်းအုပ်ဆရာမကြီး၊ အမက-၁၄၊ ရန်ကင်း)၏ခင်ပွန်း၊ ဒေါက်တာဝင်းပပကြိုင် (လက်ထောက်ဆရာဝန်၊ ကျောင်းကုန်းပြည်သူ့ဆေးရုံကြီး)၊ ဦးမျိုးဇော်အောင်(Majestic Mandalay Co.)-ဒေါ်ရွှေယင်းမာကြိုင် (နည်းပြ၊ သဃ်္ဃန်းကျွန်း ပညာရေးကောလိပ်)၊ ဒေါ်မနော်ဟရီကြိုင်(အလပြ၊ အမက-၉၊ ဒလ)၊ မောင်နေဝန်းလှိုင်(D/C, J.S.M Shipping)တို့၏ ဖခင်၊ မရှင်းသန့်မွန်ရည်၏ဘိုးဘိုးကြီးသည် ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ရက် (သောကြာနေ့)ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုစိုးညီညီမော်(ခ)ညီညီ
(မုံရွာ)
CDC - 42560
Potato Co., Ltd.
အသက်(၃၆)နှစ်

မုံရွာမြို့နေ ဦးဝင်းနွယ်-(ဒေါ်မော်မော်သော်)တို့၏သားလတ်၊ ကိုစိုးကိုကိုမော်-မနှင်းခိုင်တို့၏ညီ၊ ကိုစိုးမြတ်မင်းသော်-မစံကျော့ခိုင်၊ စိုးပပမော်တို့၏အစ်ကို၊ မောင်ကျော်စိုးဟိန်း-မကောင်းစုကျော်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ တိုက် ၂၁၊ အခန်း ၃၀၅၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးဝင်းနိုင်ဆွေ-ဒေါ်ချောစုလွင်တို့၏မောင်၊ မငြိမ်းစုနိုင်၊ မောင်နောင်ထွန်းနိုင်တို့၏ဦးလေးသည် ၃၁-၈-၂၀၀၄ရက် ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မျိုးဝင်းခိုင်
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၆)
အသက်(၃၃)နှစ်

မော်ဘီမြို့၊ စုပေါင်းရုံးနေ ဦးစောမြင့်အောင်(ဒုဦးစီးမြေစာရင်း)-ဒေါ်ခင်အုန်းနိုင်တို့၏သား၊ ဦးကျော်ဒင်-ဒေါ်နော်စေးဟဲတို့၏သားသမက်၊ ဦးဥတ္တမ၊ မဖြူဖြူဝင်းတို့၏အစ်ကို၊ ဒေါ်ခင်သူဇာခိုင်၏ခင်ပွန်း၊ မောင်ဇော်ဝင်းနိုင်၊ မောင်ဟိန်းထက်ဇော်တို့၏ဖခင် ဗိုလ်မျိုးဝင်းခိုင်သည် ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၈ နာရီတွင်မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင်မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့လှည့်လည်လေ့လာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမှပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatraနှင့် ဇနီး Madame Veena Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ပုဂံ-ညောင်ဦးလေဆိပ်တွင် လေယာဉ်ပေါ်မှဆင်းသက်လာသည့် ဧည့်သည်တော် ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatraနှင့် ဇနီး Madame Veena Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လေယာဉ်လေ့ကားထိပ်မှ *စာမျက်နှာ ၆ ကော်လံ ၁* ■

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatraနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဖူးမြော်ကြည်ညို

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

စက်သုံးဆီ ဖြိုးဖြိုး ချွေတာရေး

- ✻ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ဖြိုးဖြိုး ချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ✻ မြန်မာနိုင်ငံတွင် ကားစီးရေ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။
- ✻ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါး အညွှန်း

- ❒ "ကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်နှင့်အတူ နိုင်ငံသူနိုင်ငံသားအားလုံးက ကျန်းမာရေး ကဏ္ဍ လုပ်ငန်းရပ်များတွင် အမျိုးသားရေးအသွင်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆင်နွှဲ"
  ခေါင်းကြီး (စာ-၂)
- ❒ "မြန်မာနိုင်ငံတွင် စာဖတ်သူ၊ စာပေဝါသနာပါသူ အလွန်များပြားသည်ကို ယနေ့ ထွက်ရှိနေသည့် စာနယ်ဇင်းအရေအတွက်ကို ကြည့်လျှင် သိသာ၏"
  စိုးညွန့်(ပဲခူး)၏ စာအုပ်စာပေလူ့မိတ်ဆွေဖြစ်နဲ့ လေများများအကျိုးပွားဆောင်းပါး (စာ-၃)
- ❒ "ယနေ့လူငယ်များသည် ရရှိသည့်အခွင့်အရေးကို လက်လွတ်မခံသင့်။ အခြေအနေ အရပ်ရပ်ကို ဆင်ခြင်၍ မိမိဘာလုပ်သင့်သည်ကို သိရန်လိုအပ်လာသည်။ လူငယ်ရိပ်မြုံများတွင် တစ်လ တစ်လပျမ်းမျှ လူငယ်လူရွယ် ၆၀၀၀ခန့် လာရောက်ပြီး အချိန်ကို အကျိုးရှိစွာအသုံးပြုလျက်ရှိနေကြပြီ"
  မသက်ဆွေ(သရက်)၏ ပြောမယုံ ကြုံဖူးမှ ဆောင်းပါး (စာ-၁၀)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နျူကလီးယားစွမ်းအင်

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ဩဂုတ် ၂၈ ရက်က နျူကလီးယားနည်းပညာပြပွဲ တစ်ရပ်ကျင်းပစဉ် နျူကလီးယားစွမ်းအင်ကို ပုံဖော်ခိုင်းသော သိပ္ပံပစ္စည်းတစ်ခုအား လာရောက်လေ့လာသူများ စိတ်ဝင်တစားကြည့်ရှုခဲ့ကြသည်။

(ဝဲပုံ)

(ဓာတ်ပုံ-အင်တာနက်)

ရှေးဟောင်းပွန်ပီအိုင်မြို့တော်

အီတလီနိုင်ငံတောင်ပိုင်း နေပယ်လ်ပင်လယ်အော်တွင်ရှိသော အေဒီ ၇၉ခုနှစ်က ထင်ရှားကျော်ကြားခဲ့သော ပွန်ပီအိုင်မြို့တော်သည် မောင့်ဗီဆူဗီယပ်စ် မီးတောင်ပေါက်ကွဲမှုကြောင့် တစ်မြို့လုံးပျက်စီးခဲ့ရသည်။

ယင်းသို့ အေဒီ၇၉ခုနှစ်က ပျက်စီးခဲ့ရသော ရှေးဟောင်းအီတလီမြို့တော် ပွန်ပီအိုင်ကို ၂၀၀၂ခုနှစ် စက်တင်ဘာလက ဤသို့တွေ့ခဲ့ရသည်။

(အပေါ်ပုံ) (ဓာတ်ပုံ-အင်တာနက်)